အထွေထွေ ညီလာခံ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၂၀ ရက်၊ မေလ၊ ၂၀၂၄ ခုနှစ်

မူရင်းဘာသာစကား - အင်္ဂလိပ်

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**
**(၅၆) ကြိမ်မြောက် အစည်းအဝေး**
၁၈ ဇွန် - ၁၂ ဇူလိုင်၊ ၂၀၂၄ ခုနှစ်
အစီအစဉ် အမှတ် ၂
**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်**
**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရုံး၏**
**အစီရင်ခံစာများ**

# မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစုတို့၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ အစီရင်ခံစာ*


*အနှစ်ချုပ်*

ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် ၅၀/၃ အရ ပြင်ဆင်ရေးသားသော ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး OHCHR ၏ စောင့်ကြည့်လေ့လာမှုနှင့် ဆန်းစစ် အတည်ပြုချက် အပေါ် အခြေခံသည့် တွေ့ရှိချက်များအား ဖော်ပြထားပြီး လူ့အခွင့်အရေး ချိုးဖောက်သူများ အပေါ် တာဝန်ခံမှု ရှိစေရေး ကိစ္စရပ် အပါအဝင် လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်မှုနှင့် ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစုတို့၏ အခြေအနေအား စဉ်ဆက်မပြတ် လေ့လာမှုများကို ထည့်သွင်း ဖော်ပြထားပါသည်။


* လက်ရှိ အစီရင်ခံစာတွင် လတ်တလော ဖြစ်ပျက်မှု အခြေအနေများအား ထည့်သွင်းဖော်ပြနိုင်ရန် အလို့ငှာ အစီရင်ခံစာအား နောက်ဆုံးတင်သွင်းရမည့် နေ့ထက် ကျော်လွန်၍ တင်သွင်းခဲ့ပါသည်။



Please recycle

# ၁။ အဖွင့်မိတ်ဆက်နှင့် အချက်အလက် ဆန်းစစ်စုဆောင်းသည့် နည်းစနစ်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် ၅၀/၃ အရ လူ့အခွင့်အရေး ကောင်စီသည် လူ့အခွင့်အရေး ချိုးဖောက်သူများ အပေါ် တာဝန်ခံမှု ရှိစေရေး ကိစ္စရပ် အပါအဝင် လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်၏ အကြံပြု တိုက်တွန်းချက်များအား အကောင်အထည်ဖော်မှုအပေါ် လေ့လာရန်၊ ရိုဟင်ဂျာ မွတ်စလင်များ (ရိုဟင်ဂျာ)နှင့် အခြား လူနည်းစုများ အပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ဖြစ်စဉ်နှင့် နိုင်ငံ့ အခြေအနေ အရပ်ရပ်အား စောင့်ကြည့်ရန်နှင့် လူ့အခွင့်အရေး ကောင်စီ၏ ၅၆ ကြိမ်မြောက် အစည်းအဝေးတွင် ဖော်ပြပါ အချက်များအား အစီရင်ခံ တင်ပြရန် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးအား တောင်းဆိုခဲ့ပါသည်။

၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) သည် လေ့လာတွေ့ရှိချက်များအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက် အထိ အဝေးမှ စောင့်ကြည့် လေ့လာသည့် နည်းအပေါ် အခြေခံ၍ ဆန်းစစ် အတည်ပြုခဲ့ပါသည်။ အစီရင်ခံစာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ အာဏာသိမ်းသည့် အချိန်မှစ၍ ကျူးလွန်နေသည့် အကြမ်းဖက်မှု ပုံစံများအား ကိုးကား ဖော်ပြရင်း ရိုဟင်ဂျာများနှင့် အခြား လူနည်းစုတို့၏ လူ့အခွင့်အရေး အခြေအနေများ အပေါ် အထူးပြုကာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် ဆက်စပ်သော အခင်းအကျင်းတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်မှု ဆိုင်ရာ လားရာနှင့် ပုံစံတူ အခင်းအကျင်းများကို ဆန်းစစ် သုံးသပ်ထားပါသည်။

၃။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် ၅၀/၃ နှင့်အညီ ဤအစီရင်ခံစာ၏ အဓိက ရည်ရွယ်ချက်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်း တင်ရန် ဖြစ်ပြီး ဆန်းစစ် အတည်ပြုထားသော သတင်း အချက်အလက်များကို ပစ္စုပ္ပန်နှင့် အနာဂတ် တာဝန်ခံမှု ရေးရာ လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေး အတွက် အဆင်သင့်ရှိစေရန် ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် ဆိုးရွားလာသော လူ့အခွင့်အရေး အကျပ်အတည်း၏ အရင်းအမြစ်ကို ကိုင်တွယ် ဖြေရှင်းရန်နှင့် တာဝန်ခံမှု ရှိရေး လုပ်ငန်းစဉ်၏ အရေးပါပုံအား ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး အခြေခံ အုတ်မြစ် အဖြစ် အလေးပေး ဖော်ပြထားပါသည်။

၄။ OHCHR အဖွဲ့သည် ကျူးလွန်ခံရသူများနှင့် မျက်မြင် သက်သေများ အပါအဝင် အခြား လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှု (၁၈၁) ကြိမ်၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အကြောင်းအရာလိုက် ကျွမ်းကျင်ပညာရှင်များမှ အကြံဉာဏ် ရယူဆွေးနွေးမှု (၁၁) ကြိမ် ပြုလုပ်ခဲ့သည့် အပြင် ဂြိုလ်တု ဓာတ်ပုံများနှင့် တရားဝင် စာရွက်စာတမ်းများအား ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတကာ အသိအမှတ် ပြုသည့် အစိုးရ အာဏာပိုင် အဖွဲ့အစည်းများ မရှိသည့် အခြေအနေမျိုးတွင်[1] OHCHR အဖွဲ့သည် မြန်မာ စစ်တပ် (စစ်တပ်)၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အမျိုးသား ညီညွတ်ရေး အစိုးရ၊ အချို့ ဒေသ၌ နယ်မြေ အုပ်စိုးမှု ထိရောက်စွာ ရှိလာသည့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (အီးအေအို)၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အဖွဲ့များ၏ ကိုယ်စားလှယ်များ အပါအဝင် အခြား သက်ဆိုင်သူများထံမှ အချက်အလက်များ တောင်းခံခဲ့ပါသည်။ လက်ခံရရှိသော အချက်အလက်များကို သင့်လျော်သလို ခွဲခြမ်းစိတ်ဖြာကာ အတည်ပြုခဲ့ပါသည်။

၅။ OHCHR သည် အခြား ထည့်သွင်းစဉ်းစားချက်များထက် "ထိခိုက်နစ်နာမှု မရှိစေရေး" "Do no harm" အခြေခံမှုအား ဦးစားပေးကာ အပြည့်အဝ လေးစားလိုက်နာပါသည်။ ဖော်ပြသည့် အတိုင်း သက်ဆိုင်ရာ အဖြစ်အပျက်များ ဖြစ်ခဲ့သည်ဟု ယုံကြည်နိုင်လောက်သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက်များ ရှိသည့် ဖြစ်ရပ်ဖြစ်စဉ်များနှင့် ပုံစံတူ အခင်းအကျင်းများကို အချက်အလက် အခြေပြု၍ အကဲဖြတ် သုံးသပ်ခဲ့ပါသည်။ မြန်မာ စစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ၊ ၁ ရက်နေ့ မှစ၍ အင်တာနက်လိုင်း ဖြတ်တောက်မှုနှင့် အခြား ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းကြောင့် ထိခိုက်သေကြေမှု စာရင်းအား အပြည့်အဝ ဆန်းစစ် အတည်ပြုစွမ်း အပေါ် ကြီးလေးစွာ သက်ရောက်ခဲ့ရာ အတည်ပြုထားသော သေဆုံးမှု ကိန်းဂဏန်း စာရင်းများသည် မြေပြင် အခြေအနေထက် လျော့တွက် ဖော်ပြထားခြင်းမျိုး ဖြစ်နိုင်ပါသည်။

[1] ကုလသမဂ္ဂ အထွေထွေ ညီလာခံ၊ ၇၈ ကြိမ်မြောက် အစည်းအဝေး၊ ဆုံးဖြတ်ချက် အမှတ် A/78,605 - နိုင်ငံ့ ကိုယ်စားလှယ် စိစစ် အသိအမှတ်ပြုရေး ကော်မတီ Credentials Committee ၏ အစီရင်ခံစာ

၆။ ဤအစီရင်ခံစာကို ယခင် ထုတ်ပြန်ခဲ့ပြီးသော အစီရင်ခံစာများမှ တွေ့ရှိချက်များနှင့် လတ်တလော ဖြစ်ပျက်မှု အပေါ် အခြေခံ၍ ရေးသားခဲ့ပါသည်။[2] သို့သော် အောက်တိုဘာလ နောက်ပိုင်းတွင် တိုင်းရင်းသား ပြည်နယ် အများစုနှင့် နိုင်ငံ၏ အလယ်ပိုင်း ဒေသ၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်တပ် ဆန့်ကျင်ရေး မဟာမိတ် လက်နက်ကိုင် တပ်ဖွဲ့များက ပူးပေါင်း ဖော်ဆောင်ခဲ့သည့် စစ်ဆင်ရေးကြောင့် လက်နက်ကိုင် ပဋိပက္ခ၏ သဘော သဘာဝမှာ တဖြည်းဖြည်း ပြောင်းလဲလာပါသည်။ မြန်မာစစ်တပ်သည် လက်စားချေသည့် အနေဖြင့် အရပ်သား လူထုနှင့် ပြည်သူ အများအပြား နေထိုင်ရာ နေရာများကို ပစ်မှတ်ထားသည့် လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုအား တိုးမြင့် လုပ်ဆောင်လာပါသည်။ ဤအစီရင်ခံစာတွင် စစ်မှုထမ်း ဆင့်ခေါ်မှုကို မဖြစ်မနေ ဖော်ဆောင်မည် ဖြစ်ကြောင်း ကြေညာပြီးနောက် ဖြစ်ပေါ်လာသော လူ့အခွင့်အရေး ဆိုင်ရာ သက်ရောက်မှုများအား ဆန်းစစ်လေ့လာထားကာ ၎င်းတွင် လူသတ်မှု၊ အစဖျောက်မှုနှင့် ဖမ်းဆီးချုပ်နှောင်မှု အပါအဝင် လူထုအကြား၊ အထူးသဖြင့် စစ်မှုထမ်း အရွယ်ရောက်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ အကြား စိုးရိမ်မှုများ အကြောင်းကို ဖော်ပြထားပါသည်။ တိုက်ပွဲများ ပိုမို ပြင်းထန်လာသည့် ဒေသများ၊ အထူးသဖြင့် လူနည်းစုများ နေထိုင်ရာ ဒေသများ၌ အပြည်ပြည်ဆိုင်ရာ ဥပဒေ အရ အကာအကွယ် ပေးထားသော သာသနိက အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်မှုကို ဤအစီရင်ခံစာတွင် ဆန်းစစ်ဖော်ပြထားပါသည်။ အလားတူပင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၌ တကျော့ပြန် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ရခိုင် ပြည်နယ်ရှိ ရိုဟင်ဂျာများနှင့် အခြား လူမျိုးစုများ အပေါ် သက်ရောက်မှုရှိသည့် ဆိုးရွားလှသော လူ့အခွင့်အရေးနှင့် ဆက်စပ်၍ စိုးရိမ်ဖွယ်ရာ အချက်များကို ခွဲခြမ်းစိတ်ဖြာပြီး ၂၀၂၀ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်ခဲ့သည့် ကြားဖြတ် အစီအမံများ၏ နောက်ဆက်တွဲ အခြေအနေကို လေ့လာ သုံးသပ်ထားပါသည်။[3]

၇။ ဤသို့ ဆိုးရွားလှသည့် လူ့အခွင့်အရေး ဖြစ်ရပ်များ ဖြစ်ပျက်နေသော်လည်း ဤအစီရင်ခံစာ၌ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် ရည်ရွယ်သည့် ဝန်ဆောင်မှုများ ပေးနေသော ဒေသန္တရ အုပ်ချုပ်ရေးနှင့် အုပ်ချုပ်မှု ပုံစံသစ်များ၏ အားတက်ဖွယ် အခြေအနေ အချို့ကို မီးမောင်းထိုး ဖော်ပြခြင်းဖြင့် အဆုံးသတ်ထားပါသည်။ ကယားနှင့် ကရင် ပြည်နယ်ရှိ အချို့ အုပ်ချုပ်ရေး ဖွဲ့စည်းပုံများသည် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ တက်ကြွစွာ ပါဝင်ပတ်သက်မှုနှင့် ကိုယ်စားပြု ပါဝင်မှု အပြင် ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်နိုင်ရေး အတွက် အာမခံချက်ပေးရန် ကြိုးပမ်းလျက်ရှိသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးကလည်း အဆိုပါ အောက်ခြေမှ ဖြစ်တည်လာသော အုပ်ချုပ်ရေး ပုံစံသစ်များကို ဆက်လက် အားပေးထောက်ခံရန် အကြံပြုထားပြီး ၎င်းပုံစံသစ်အား မြန်မာနိုင်ငံရှိ အခြား ဒေသများတွင်လည်း ကျင့်သုံးနိုင်ရန် အနာဂတ် ဖြေရှင်းချက်များ၏ အစိတ်အပိုင်း အဖြစ် လက်ခံ အသုံးချနိုင်ပါသည်။

## ၂။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

၈။ နောက်ဆုံး အကြိမ် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ အရ[4] မြန်မာ စစ်တပ်သည် အရေးပေါ် ကာလကို တိုးမြှင့်သည့် ကြေညာချက်အား (၆) ကြိမ် ထုတ်ပြန်ခဲ့ပြီး မြို့နယ်ပေါင်း ၃၃၀ မှ ၆၄ မြို့နယ်ကိုလည်း စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည်။ ယေဘူယျအားဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေမှာ တရှိန်ထိုး ကျဆင်းနေပြီး လူ့အခွင့်အရေး အကာအကွယ် ပေးမှုနှင့် အရပ်ဘက် ဥပဒေ စိုးမိုးမှု ကင်းမဲ့နေသကဲ့သို့ မြန်မာ စစ်တပ်သည် လူထုအား ဖိနှိပ်ရန် အစိုးရ အဖွဲ့အစည်း အင်စတီကျူးရှင်းများအား လက်နက်သဖွယ် အသုံးချနေပါသည်။ ပြည်သူများသည် အမျိုးမျိုးသော ရက်စက်ကြမ်းကြုတ်မှုနှင့် အကြမ်းဖက်မှုများကို ခံစားနေရဆဲ ဖြစ်ပြီး ၎င်းတို့သည် နိုင်ငံအဝှမ်းတွင် လူထု၏ စိုးရိမ်ထိတ်လန့်မှုအား ပိုမို ဆိုးရွားစေပါသည်။

၉။ ခိုင်လုံသော သတင်းရင်းမြစ်များ အရ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ စတင်၍ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက် အထိ မြန်မာစစ်တပ်၏ လက်ချက်ကြောင့် အမျိုးသမီး ၇၂၂ ဦးနှင့် ကလေး ၅၂၇ ဦး အပါအဝင် လူပေါင်း ၄,၈၁၀ ဦး သေဆုံးခဲ့ကြောင်း ဆန်းစစ် အတည်ပြုခဲ့ပြီး ၎င်းလုပ်ရပ်သည် အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အာဆီယံ)၏ “ဘုံသဘောတူညီချက် ငါးရပ်”နှင့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ်

[2] https://bangkok.ohchr.org/myanmar/ A/HRC/49/72; A/HRC/51/41; A/HRC/52/21; A/HRC/53/52; A/HRC/54/59.

[3] https://www.icj-cij.org/sites/default/files/case-related/178/178-20200123-ORD-01-00-EN.pdf

[4] A/HRC/54/59.

S/RES/2669(2022)[5] ကို လုံးဝ လစ်လျူရှုရာ ရောက်ပါသည်။ အမျိုးသမီး ၃,၈၈၅ ဦး အပါအဝင် လူပေါင်း ၂၆,၄၆၈ ဦးမှာ ဖမ်းဆီးခံခဲ့ရပြီး လက်ရှိ အချိန်တွင် လူပေါင်း ၂၀,၂၉၅ ဦးမှာ အကျဉ်းထောင်တွင် ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။ အတည်ပြုထားသော စာရင်းများ အရ ဖမ်းဆီးချုပ်နှောင်ခံရစဉ် သေဆုံးသူ ဦးရေး ၁,၇၀၃ ဦးအထိ မြင့်တက်လာသည့် အတွက် ၎င်းသည် အထူး စိုးရိမ်ဖွယ်ရာ ဖြစ်လာပါသည်။[6] စစ်ကြောရေး စခန်းများ၊ အကျဉ်းထောင်များနှင့် အခြား စစ်ဆေးရာ နေရာများတွင် ညှင်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ဆက်ဆံသည့် နည်းအား တွင်ကျယ်စွာ အသုံးချနေပါသည်။ ပြစ်မှု ကျူးလွန်မှုများ အတွက် အပြစ်ပေး အရေးယူခြင်း မရှိသလို ဥပဒေ စိုးမိုးမှု မရှိသည့် အခင်းအကျင်းကြောင့် အဓမ္မ အစဖျောက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မျှတသော တရားစီရင်ရေး ဆိုင်ရာ ရပိုင်ခွင့်များအား ချိုးဖောက်မှုမှာလည်း ကြိမ်ဖန်များစွာ ဖြစ်ပေါ်နေပါသည်။

၁၀။ မြန်မာစစ်တပ်သည် မြို့ပြနှင့် ကျေးလက် ဒေသရှိ အရပ်သား ပြည်သူကို ပစ်မှတ်ထားသည့် အကြမ်းဖက် စစ်ဆင်ရေးအား တိုးမြှင့်ဖော်ဆောင်လာပါသည်။ အစီရင်ခံသည့် အချိန် အတွင်း အမျိုးသမီး၂၉၈ ဦးနှင့် ကလေး ၁၆၄ ဦး အပါအဝင် အရပ်သား ၁,၂၅၀ ဦး သတ်ဖြတ်ခြင်း ခံခဲ့ရကြောင်း ယုံကြည်ရသော သတင်းရင်းမြစ်များက အတည်ပြု ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ပထမ သုံးလပတ်အတွင်း အရပ်သား ၅၆၂ ဦး သေဆုံးခဲ့ပြီး ၂၀၂၃ ခုနှစ်၏ ပထမ သုံးလပတ်အတွင်း သေဆုံးခဲ့သော ၃၀၃ ဦး၏ နှစ်ဆနီးပါး ရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃၁ ရက် အတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား ၃၇၆ ဦးထက် မနည်း သေဆုံးခဲ့ပြီး ယခင် ရှစ်လပတ်အတွင်း အတည်ပြုထားသော အရပ်သား သေဆုံးမှု ၁၅၀ ဦးဖြင့် နှစ်ဆကျော် တိုးလာခဲ့သည်။ အလားတူ ကာလများနှင့် နှိုင်းယှဉ်ရလျှင် လေကြောင်း တိုက်ခိုက်မှုကြောင့် အရပ်သား ၃၆၂ ဦး သေဆုံးခဲ့ပြီး ယခင်က ၂၃၀ ဦး သေဆုံးမှုမှ ၆၃ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ အများသူငှာ လေ့လာနိုင်သော သတင်းရင်းမြစ်များ အရ မြန်မာ စစ်တပ်က နေအိမ် အဆောက်အအုံ ၈၄,၀၀၀ နီးပါး မီးရှို့ဖျက်စီးခဲ့ကြောင်း ဖော်ပြထားသည်။

## က။ “၁၀၂၇ စစ်ဆင်ရေး” နှင့် လူ့အခွင့်အရေး အခြေအနေ ပြောင်းလဲလာမှု

၁၁။ ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ညီနောင် မဟာမိတ် သုံးဖွဲ့သည်[7] အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြန်မာ စစ်တပ် စခန်းများအား ပူးပေါင်း စစ်ဆင်ခဲ့ရာ စစ်တပ်သည် မကြုံစဖူး စစ်စခန်း အမြောက်အများ ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်သည် ကရင်ပြည်နယ် အတွင်း၊ ကရင်နီ အမျိုးသားများ ကာကွယ်ရေး တပ်ဖွဲ့သည် ကယားပြည်နယ် အတွင်း တပြိုင်နက် ထိုးစစ် ဆင်မှုများ ပြုခဲ့ကာ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အာရက္ခ တပ်တော်သည် ရခိုင် ပြည်နယ် အတွင်း တကျော့ပြန် စစ်ပွဲများ ပြန်လည် စတင်ခဲ့သည်။ မတ်လ ၇ ရက်နေ့တွင် ကချင် လွတ်မြောက်ရေး တပ်မတော်သည် မြန်မာ စစ်တပ်ကို ကချင်မြေမှ ဖယ်ရှားရန် ရည်ရွယ်၍ ထိုးစစ်ဆင်ခဲ့သည်။ ဒီအချိန်၌ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် နိုင်ငံတစ်ဝှမ်းတွင် အထူးသဖြင့် အလယ်ပိုင်း ဒေသတွင် စစ်ရေး တိုက်ခိုက်မှုများ ဆက်လက် ဆောင်ရွက်နေသည်။ များစွာသော လက်နက်ကိုင် အဖွဲ့အစည်းများသည် စစ်တပ်ထံမှ နယ်မြေ ထိန်းချုပ်မှု အပြည့်အဝ ရရှိခြင်း၊ အရပ်သားများကို အကာအကွယ် ပေးခြင်း၊ ဖက်ဒရယ် ဒီမိုကရေစီကို ရရှိလိုကြောင်း ပြသခြင်း၊နှင့် နယ်စပ်ဒေသတွင် လည်ပတ်နေသော ဒုစရိုက် လုပ်ငန်းများနှင့် ငွေလိမ်ဂိုဏ်းများအား တားဆီးခြင်း အစရှိသည့် ဘုံရည်မှန်းချက် ပန်းတိုင်များ အတွက် ပူးပေါင်းဆောင်ရွက်ကြသည့် သဘော ဆောင်ပါသည်။[8]

၁၂။ ထိုသို့ စစ်မျက်နှာ အမြောက်အများ၌ တပြိုင်နက် တိုက်ခိုက်ခံရသည့် အတွက် မြန်မာ စစ်တပ်သည် ထိရောက်စွာ ကာကွယ်နိုင်စွမ်း မရှိတော့ချေ။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည်

---

5 S/RES/2669(2022).

6 ဥပမာ၊ ရခိုင်ပြည်နယ်နှင့် နိုင်ငံ့ အရှေ့တောင်ပိုင်း ဒေသရှိ ထိခိုက်သေဆုံးသူများအား ဆက်လက် ဆန်းစစ် အတည်ပြုနေဆဲ ဖြစ်သဖြင့် ၎င်းကိန်းဂဏန်းများသည် မြေပြင် အမှန်တကယ် သေဆုံးနေသော စာရင်းထက် လျော့တွက် ဖော်ပြထားခြင်းမျိုး ဖြစ်နိုင်ပါသည်။

7 ညီနောင် မဟာမိတ်သုံးဖွဲ့ကို မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော်၊ တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် အာရက္ခ တပ်တော်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

8 https://www.ohchr.org/en/press-releases/2023/08/hundreds-thousands-trafficked-work-online-scammers-se-asia-says-un-report.

ရာနှင့်ချီသော ကာကင်း စခန်းများ၊ ခံစစ် စခန်းများနှင့် အခြေစိုက် စခန်းများကို အလျင်အမြန် သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ကြီး၊ လက်နက်ငယ်နှင့် ခဲယမ်း မီးကျောက်များစွာ သိမ်းဆည်းရမိခဲ့ပါသည်။ အခြေအနေ အတော်များများ၌ အဆင့်မြင့် အရာရှိများနှင့် အောက်ခြေ စစ်သည်များမှာ ဘက်ပြောင်း ခိုလှုံခြင်းနှင့် လက်နက်ချ အညံ့ခံခြင်းများ ရှိလာပါသည်။ ထိုသို့ စစ်ရေးအောင်မြင်မှုများကြောင့် ခရိုင်အဆင့်နှင့် နယ်စပ်မြို့များ၊ ကုန်သွယ်ရေး စခန်းများနှင့် အချက်အချာကျသော ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေး လမ်းကြောင်းများ အပါအဝင် မြို့နယ် အများအပြားနှင့် မြို့ပေါင်း ၅၀ ကျော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ စစ်ရေး အားသာချက်အား ပြသသည့် အနေဖြင့် စစ်တပ် ထိန်းချုပ်ထားသော ပြည်နယ် မြို့တော်များကို တိုက်ခိုက်ရန် နေရာချထားခဲ့ပြီး အချို့ အခြေအနေ၌ လွိုင်ကော်မြို့ကဲ့သို့ ပြည်နယ် မြို့တော်အား တိုက်ခိုက်နိုင်ခဲ့ပါသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များကိုလည်း အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

၁၃။ မြန်မာ စစ်တပ်က လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများကို ပို၍ အားထားလာသည့် အတွက် မြို့ပြဒေသများသို့ အကြမ်းဖက်မှုများ ပျံ့နှံ့လာခြင်းသည် စိုးရိမ်ဖွယ်ရာ အခြေအနေအသစ်တစ်ခု ဖြစ်လာပါသည်။ မြန်မာ စစ်တပ်သည် အရပ်ဘက် စစ်ဘက် မခွဲခြားဘဲ အရပ်သားနှင့် အရပ်ဘက် အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်မှုများကို အကြိမ်ကြိမ် ပြုလုပ်လာခြင်းကြောင့် လူရာနှင့်ချီ သေဆုံးခဲ့ကာ လမ်း၊ တံတားနှင့် ဆက်သွယ်ရေး လိုင်း ကဲ့သို့ အဓိက အရေးပါသော အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ပါသည်။ မြို့ပြနှင့် မြို့နယ်များ အပေါ် ပစ်ခတ် တိုက်ခိုက်မှုများကြောင့် လူအများအပြား နေရပ်စွန့်ခွာရပြီး ဈေး၊ ဆေးခန်း သို့မဟုတ် ဘဏ်များသို့ ဝင်ရောက်သွားလာခွင့် မရှိခြင်းကြောင့် ရှိပြီးသား နေရပ်စွန့်ခွာထား သူများ အပေါ် ထပ်တိုး သက်ရောက်မှုများ ရှိလာပါသည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များက သိမ်းပိုက်ထားသော မြို့ပြဒေသများတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် မြို့များစွာမှာ ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်ခံရသည်။ မြန်မာ စစ်တပ်၏ ပစ်ခတ် တိုက်ခိုက်မှုတိုင်းသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် ကိုက်ညီမှု ရှိမရှိကို ဆန်းစစ်ရန် ခက်ခဲသော်လည်း အရပ်သား သေဆုံးမှု တိုးလာခြင်းနှင့် အတူ ပျက်စီးမှုမှာလည်း ပုံစံတူ အခင်းအကျင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ဖြစ်လာခြင်းကြောင့် မြန်မာ စစ်တပ်သည် အရပ်ဘက်နှင့် စစ်ရေး ပစ်မှတ် အကြား ခွဲခြားသတ်မှတ်ခြင်း ဆိုင်ရာ အခြေခံမူကို လုံလောက်စွာ ထည့်သွင်း စဉ်းစားရန် အစဉ်တစိုက် ပျက်ကွက်ကြောင်း ပြသနေပါသည်။ ထို့ကြောင့် မြန်မာ စစ်တပ်၏ အဓိက ဦးစားပေးမှုသည် အရပ်သားများ၏ အသက်အိုးအိမ်အား ကာကွယ်စောင့်ရှောက်ရေးကို မစဉ်းစားဘဲ နယ်မြေ ထိန်းချုပ် စိုးမိုးရေးကိုသာ အလေးထားကြောင်း ပြသနေပါသည်။

၁၄။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ညီနောင် မဟာမိတ်သုံးဖွဲ့သည် အောက်တိုဘာလ နှောင်းပိုင်းတွင် ပူးပေါင်း တိုက်ခိုက်မှုများ စတင်ခဲ့ပြီးနောက် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် နယ်မြေ အုပ်စိုးမှု သိသိသာသာ ရရှိလာခဲ့သည်။ မြန်မာ စစ်တပ်က အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရယူခဲ့ရသည့် အချိန်အထိ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ အကြား မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်သည် တရုတ်နိုင်ငံနှင့် အဓိက ကုန်သွယ်ရေး နယ်စပ်မြို့ ဖြစ်သည့် ချင်းရွှေဟော်နှင့် လောက်ကိုင်မြို့ အပါအဝင် မြို့ပေါင်း ၁၈ မြို့ သိမ်းယူနိုင်ခဲ့သည်။ တချိန်တည်းမှာပင် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်သည် အဓိက မြို့ကြီးများ ဖြစ်ကြသော လားရှိုး၊ သိန္နီနှင့် နောင်ချို မြို့များ အနီးတဝိုက်တွင် တပြိုင်နက် တိုက်ခိုက်ခဲ့ကာ မြန်မာ-တရုတ် အဝေးပြေး လမ်းမကြီး တလျှောက် ပင်မလမ်းကြီး နှစ်ခုကို ပိတ်ဆို့နိုင်ခဲ့သည်။ ထိုသို့ ပူးပေါင်း စစ်ဆင်မှုများသည် မြန်မာစစ်တပ်၏ အားနည်းချက်ကို ဖွင့်ချလိုက်ပြီး စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ အနေဖြင့် မဟာဗျူဟာမြောက် အားသာချက်များ ရရှိလာကာ မြန်မာ စစ်တပ်၏ စီးပွားရေး လုပ်ငန်းများ အပေါ် သိသိသာသာ အနှောင့်အယှက် ဖြစ်စေပါသည်။ နိုင်ငံတစ်ဝှမ်းလုံး၌ တပြိုင်နက် ပူးပေါင်း စစ်ဆင်မှုများသည် ညီနောင် မဟာမိတ် သုံးဖွဲ့က ကျင့်သုံးခဲ့သည့် စစ်ရေး ဗျူဟာများအား အတုယူလျှက် ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စည်းလုံးညီညွတ်သော တော်လှန်ရေး၏ နိဒါန်း အဖြစ် သတ်မှတ်နိုင်ပါသည်။

၁၅။ မြန်မာ စစ်တပ်သည် တန်ပြန်သည့် အနေဖြင့် ၎င်းတို့ လက်လွှတ်ရသည့် ဒေသတစ်ခုလုံး အပေါ်သို့ လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများဖြင့် တရစပ် ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ရှမ်းပြည်နယ်ရှိ သိန္နီ၊ ကွတ်ခိုင်၊ မိုးမိတ်၊ နမ့်ဆန်၊ နမ္မတူး မြို့နယ်နှင့် ကချင်ပြည်နယ်ရှိ ဗန်းမော်၊ မံစီ၊ ပူတာအို၊ ရွှေကူ မြို့နယ်ရှိ

မြို့ပြနှင့် ကျေးရွာဒေသများသည် အများဆုံး ထိခိုက်ပျက်စီးခဲ့သည်။ အောက်တိုဘာလမှစ၍ ရှမ်းပြည်နယ် အတွင်း လူပေါင်း ၁၄၀,၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရပြီး စစ်ဆင်ရေး မတိုင်မီကာလနှင့် နှိုင်းယှဉ်ပါက စစ်ဘေးရှောင် အရေအတွက် နှစ်ဆ တိုးလာပါသည်။[9] ဇန်နဝါရီလနှင့် ဖေဖဝါရီလ အကြား မြန်မာ စစ်တပ်သည် မိုးမိတ်မြို့ အတွင်း ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် နေအိမ် ရာပေါင်းများစွာ ပျက်စီးခဲ့ရသည်။ နေအိမ်ပေါင်း ၅၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း မျက်မြင် သက်သေ တစ်ဦးက ဖော်ပြခဲ့သည်။ အရပ်သား တစ်ဒါဇင် အသတ်ခံခဲ့ရပြီး လူဦးရေ ၁၀,၀၀၀ ခန့်ရှိသော ဒေသခံ အားလုံး ထွက်ပြေးခဲ့ရသည်။ ဒီဇင်ဘာလ ၂၉ ရက်နေ့၌ နမ္မတူ မြို့နယ်၊ မန်လီ ကျေးရွာ အတွင်း စစ်တပ် ဆန့်ကျင်ရေး အဖွဲ့များ မရှိသော်လည်း ဂျက်လေယာဉ်များက ရွာအတွင်းရှိ နေအိမ်များ အပေါ်သို့ ဗုံးခြောက်လုံး ကြဲချခဲ့ပြီး စက်သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် အသက် ၂၀ အရွယ် ကျောင်းဆရာမ တစ်ဦး သေဆုံးခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ညပိုင်း အချိန်၌ လက်နက်ကြီးဖြင့် ပစ်ခတ်မှု အတွင်း နေအိမ် တစ်လုံးအပေါ် ဗုံးတစ်လုံး ကျရောက် ပေါက်ကွဲခြင်းကြောင့် မိန်းကလေး တစ်ဦး သေဆုံးခဲ့ကာ မိသားစုဝင်များ ဒဏ်ရာ ရခဲ့ကြောင်း အခြား အင်တာဗျူး ဖြေဆိုသူ တစ်ဦးက အတည်ပြုခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့၌ သိန္နီမြို့နယ်တွင် မြန်မာ စစ်တပ်၏ တည်နေရာ အများအပြားကို ပူးပေါင်း စစ်ဆင်မှုကြောင့် မြန်မာ စစ်တပ်က မြို့ကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်စဉ် နေအိမ် အပေါ်သို့ အမြောက်ဆံ ကျရောက်ပေါက်ကွဲသဖြင့် မိခင်နှင့် သမီးဖြစ်သူတို့ ကွယ်လွန်ခဲ့သည်။ လားရှိုးမြို့မှ ကွမ်းလုံသို့ သွားသော အမြန် လမ်းမပေါ်ရှိ တံတား တစ်စင်း အပါအဝင် အရပ်သား အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းကြောင့် အရပ်သားများ နေရပ်စွန့်ခွာ ထွက်ပြေးရန် အလွန်အမင်း အခက်တွေ့စေပါသည်။

၁၆။ စစ်ကိုင်းတိုင်းတွင် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် ကောလင်းနှင့် ထီးချိုင့် အပါအဝင် အခြား မြို့ကြီးများနှင့် တပ်စခန်းများကို ဦးတည်၍ စုစည်း တိုက်ခိုက်ခဲ့ရာ စစ်တပ်ကလည်း လေကြောင်းတိုက်ခိုက်မှု၊ မီးရှို့တိုက်ခိုက်မှုနှင့် လက်နက်ကြီးဖြင့် ပစ်ခတ် တိုက်ခိုက်ခြင်းကြောင့် ၎င်းမြို့များမှာ လူသူနေထိုင်၍ မရတော့ချေ။ ဩဂုတ်လမှ စ၍ နိုင်ငံ အဝှမ်းတွင် အတည်ပြုထားသော အရပ်သား သေဆုံးမှု ၁,၂၆၀ အနက် ၇၄၄ ဦးမှာ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသမှ ဖြစ်သည့် အတွက် နိုင်ငံ့ အလယ်ပိုင်းဒေသသည် အရပ်သားများ အတွက် အန္တရာယ် အရှိဆုံး ဒေသအဖြစ် ဆက်လက် သတ်မှတ်ထားပါသည်။ နိုဝင်ဘာလ၊ ၃ ရက်တွင် ကောလင်းမြို့အား စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက တိုက်ခိုက်ပြီးနောက် စစ်တပ်က ၎င်းဒေသအပေါ် လက်တုံ့ပြန် တိုက်ခိုက်မှု အတွင်း လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေး လုပ်သား တစ်ဦးက ပြောကြားခဲ့သည်။ သေဆုံးမှု အများစုမှာ ဗုံးကျည်စနှင့် သေနတ်ဒဏ်သင့်၍ ဖြစ်ကြောင်း ရုပ်အလောင်းများကို ရက်အတော်ကြာ ကောက်ယူ သင်္ဂြိုလ်ပေးခဲ့ရသူက ဆိုပါသည်။ မြန်မာ စစ်တပ်သည် စစ်ရှောင်များ ခိုလှုံ နေထိုင်ရာ ထီးချိုင့်မြို့နှင့် အနီးတဝိုက်ရှိ ကျေးရွာ ငါးရွာ အပေါ် ဗုံးကြဲတိုက်ခိုက်ခဲ့စဉ် အလားတူ ပုံစံဖြင့် သေကြေဒဏ်ရာရသူ ဒါဇင်နှင့်ချီ၍ ရှိခဲ့ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ အရပ်သား အချို့ နေရပ်ပြန်မှုများ ရှိသော်လည်း ဇန်နဝါရီလ၊ ၂ ရက်နေ့တွင် မြန်မာ စစ်တပ်သည် ကောလင်း ဈေးသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အရပ်သား ခြောက်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရခဲ့သည်။ စစ်တပ်က ကောလင်းမြို့ကို ပြန်လည် သိမ်းယူပြီးနောက် မြို့၏ ၈၀ ရာခိုင်နှုန်းခန့်ကို ဖျက်ဆီးခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ အလားတူပင် ထီးချိုင့်မြို့၏ ၉၀ ရာခိုင်နှုန်းခန့်မှာ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ပျက်စီးခဲ့ကြောင်း ဒေသခံ သတင်း ရင်းမြစ်များက ဖော်ပြခဲ့ကြသည်။

၁၇။ မြန်မာစစ်တပ်သည် ကယားပြည်နယ်ရှိ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ထံသို့ နယ်မြေ အမြောက်အများ ဆုံးရှုံးလာရသည်နှင့် တပြိုင်နက် ၎င်းပြည်နယ် အတွင်း ဖျက်ဆီးမှုများ အများအပြား ကျူးလွန်ခဲ့သည်။ အင်တာနက်လိုင်း ဖြတ်တောက်မှုနှင့် အတူ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီး ပစ်ခတ်မှုများအား အကြင်နာတရား ကင်းမဲ့စွာ ဆက်တိုက် ပြုလုပ်လာသည့် အတွက် အရပ်သား ၁၃၆ ဦးထက် မနည်း သေဆုံးခဲ့ကာ ပြည်နယ် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့် နေရပ် စွန့်ခွာခဲ့ရကြောင်း ဒေသခံ ရင်းမြစ်များက ဖော်ပြခဲ့သည်။ ပြည်နယ် မြို့တော်၊ လွိုင်ကော်ရှိ နေအိမ် အဆောက်အအုံ ၁,၅၈၄ လုံး ထိခိုက်ခဲ့ပြီး အများစုမှာ လုံးဝ ဖျက်ဆီးခံခဲ့ရကြောင်း၊ ဗုံးဒဏ်ကြောင့် ချိုင့်ခွက်ကြီး ၄၃၂ ခု ရှိကြောင်း ဂြိုလ်တု ဓာတ်ပုံများက ဖော်ပြနေပါသည်။ ဒီမိုဆို မြို့နယ်တွင်လည်း ကြီးကြီးမားမား ပျက်စီးမှုများ ရှိခဲ့ကာ ဖေဖဝါရီလ ၅ ရက်နေ့က ဒေါ်ဆီအီ ကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်းကို လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ယောကျ်ားလေး ၄ ဦး

[9] https://data.unhcr.org/en/country/mmr.

သေဆုံးခဲ့ကာ ကလေး ၁၅ ဦး အပါအဝင် အရပ်သား ၂၇ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ စစ်တပ်၏ အဓိက ရည်ရွယ်ချက်မှာ ပြည်သူများ၏ စိတ်ဓာတ်ကို ရိုက်ချိုးရန် ဖြစ်ပြီး လူထုအကြား လုံခြုံမှု ကင်းမဲ့သည့် ခံစားချက်ကို ဖန်တီးရန် ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူများက အခိုင်အမာ ပြောဆိုခဲ့သည်။

၁၈။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းအရှေ့ပိုင်းသည် ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော်နှင့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအတွက် အဓိက တိုက်ပွဲဖြစ်ပွားရာ နေရာများ ဖြစ်လာပြီး ၎င်းဒေသရှိ ဗျူဟာမြောက် အရေးပါသော စစ်တပ် အခြေစိုက် စခန်းများနှင့် မြို့များကို တိုက်ခိုက် သိမ်းပိုက်ပြီးနောက် ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရေး လမ်းကြောင်း ပြတ်တောက်သွားခဲ့သည်။ ၎င်းကုန်သွယ်ရေး လမ်းကြောင်းရှိ အရေးပါသော ကော့ကရိတ်မြို့သည် နိုဝင်ဘာလ၊ ၃၀ ရက်နေ့မှစ၍ တိုက်ပွဲပြင်းထန်ခဲ့သည်။ မြန်မာ စစ်တပ်သည် ဂျက်လေယာဉ်နှင့် ဒရုန်းများဖြင့် တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် မီးရှို့ခြင်းဖြင့် မြို့ထက်ဝက်ခန့်ကို ဖျက်ဆီးခဲ့ပြီး အရပ်သား ဒါဇင်နှင့်ချီ၍ သေကြေဒဏ်ရာ ရစေခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများ၏ ပြောကြားချက် အရ သိရသည်။ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အရှေ့တောင် ဒေသတွင် လူပေါင်း ၈၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရပြီး ၎င်းရွှေ့ပြောင်းသူများ အနက် ၄၂ ရာခိုင်နှုန်းမှာ နိုဝင်ဘာလမှစ၍ တိမ်းရှောင်ခဲ့ရကြောင်း စာရင်းများ အရ သိရသည်။ နေရပ်စွန့်ခွာစဉ် အရပ်သား လူထု ကြုံတွေ့ရသည့် အန္တရာယ်များမှုကို ဖော်ပြရလျှင် လူသားချင်း စာနာထောက်မှု တာဝန် ထမ်းဆောင်သူ တစ်ဦးက ပဲခူးတိုင်း၊ ဇရပ်ကြီးမှ ပြည်သူများကို ကယ်ဆယ်နေစဉ် လမ်းဘေး၌ အလောင်း ၄၀ ခန့်ကို မြင်တွေ့ခဲ့ကြောင်း ဖော်ပြခဲ့သည်။ စစ်တပ်၏ လက်စားချေ တိုက်ခိုက်ခြင်းကြောင့် လူထုအတွက် ဘေးကင်း လုံခြုံမှု ကင်းမဲ့သည် ဟူသည့် အမြင်ကို သိသိသာသာ အားကောင်းစေပြီး ၎င်းသည် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း၊ ပညာရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှု အလေ့အထများ အပါအဝင် နေ့တဓူဝ သက်တာ အရပ်ရပ် အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိပါသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်၊ ဖာပွန် ခရိုင်တွင် စက်တင်ဘာ ၇ ရက်နေ့၌ လေကြောင်းမှ ကြိမ်ဖန်များစွာ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းဆရာ တစ်ဦးနှင့် ကျောင်းသူ ကျောင်းသား သုံးဦး သေဆုံးခဲ့ကာ ကလေး ငါးဦး အပါအဝင် ခြောက်ဦး ဒဏ်ရာရခဲ့သည်။ စာသင်ကျောင်းနှင့် ဘုရားကျောင်းများ အပါအဝင် အရပ်ဘက် နေအိမ် အဆောက်အအုံများမှာ အချိန်မရွေး ပစ်မှတ်ထား တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ် ရှိကြောင်း မျက်မြင်သက်သေ တစ်ဦးက ပြောကြားခဲ့သည်။

၁၉။ အာရက္ခ တပ်တော်သည် နိုဝင်ဘာလမှစ၍ ချင်းနှင့် ရခိုင် ပြည်နယ်အတွင်း နယ်မြေ စိုးမိုးမှု တဖြည်းဖြည်း ရရှိလာရာ မြန်မာ စစ်တပ်ကို မြို့ပြ၊ မြို့နယ်များနှင့် နယ်စပ် ဝင်ပေါက်ထွက်ပေါက်များမှ တိုက်ထုတ်နိုင်ခဲ့သည်။ အဆိုပါ တိုက်ပွဲများတွင် အရပ်သား ၁၇၆ ဦး သေဆုံးပြီး လူ ၄၀၀ ကျော် ထိခိုက်ဒဏ်ရာ ရခဲ့ကြောင်း သုံးသပ်ချက်များက ဖော်ပြခဲ့သည်။ လူ ၁၅၀,၀၀၀ ကျော်သည် အဓိက အားဖြင့် မြို့ပြဒေသများမှ တိမ်းရှောင်ခြင်း ဖြစ်ပြီး ၎င်းမှ သုံးပုံတစ်ပုံကျော်သည် ပေါက်တောနှင့် မင်းပြား ကဲ့သို့ မြို့ပြဒေသများမှ ဖြစ်သည်။ ဇန်နဝါရီလတွင် အာရက္ခ တပ်တော်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် အိန္ဒိယ နိုင်ငံ နယ်စပ်ရှိ ပလက်ဝ မြို့နယ်အား သိမ်းပိုက်ခဲ့ပြီး စစ်တွေမြို့၏ တောင်ပိုင်းရှိ နယ်မြေ အများအပြားကို ဆက်လက် သိမ်းယူခြင်းဖြင့် ၎င်း၏ စစ်ဆင်ရေးအား ဆက်လက် ဖော်ဆောင်နေသည်။ လက်တုံ့ပြန်သည့် အနေဖြင့် မြန်မာ စစ်တပ်သည် ၎င်း၏ လက်နက်ကိုင် တပ်ဖွဲ့ အားလုံးကို မြို့ပြများ၊ ကျေးရွာများ၊ အရေးကြီးသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ၊ လမ်းများနှင့် မရှိမဖြစ် လိုအပ်သော အရပ်သား အခြေခံ အဆောက်အအုံများကို ပစ်ခတ် ဖျက်ဆီးခဲ့သည်။ ဖေဖဝါရီလတွင် စစ်တွေမြို့ အနီးရှိ ကစ္ဆပနဒီနှင့် မင်းချောင်း တံတားကို ဖျက်ဆီးခြင်းကြောင့် အရပ်သားများ ရိက္ခာပြတ်တောက်ခဲ့သလို ၎င်းဒေသမှ ထွက်ပြေးနိုင်မည့် အခွင့်အရေးလည်း ပျက်ပြားခဲ့သည်။ မြန်မာ စစ်တပ်သည် စစ်တွေ၊ မြောက်ဦး၊ ရမ်းဗြဲ၊ မင်းပြား၊ ဘူးသီးတောင်နှင့် ပေါက်တော မြို့များ အပါအဝင် မြို့ပြ ဒေသကို ပစ်မှတ်ထား၍ အရပ်သားများကို သတ်ဖြတ်ခြင်းနှင့် ဈေး၊ ဆေးခန်း၊ စာသင်ကျောင်းနှင့် ယဉ်ကျေးမှု အဆောက်အအုံများအား ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခဲ့သည်။ ဆန်းစစ် အတည်ပြုထားသော အဖြစ်အပျက် တစ်ခု အရ အာရက္ခ တပ်တော်က မြောက်ဦး မြို့နယ်ရှိ ခရိုင် ရဲစခန်းကို သိမ်းပိုက်ခဲ့သည်ကို တုံ့ပြန်သော အားဖြင့် မြန်မာ စစ်တပ်သည် ဒီဇင်ဘာလ ၂၄ ရက်နှင့် ၂၈ ရက်အကြား မြောက်ဦးမြို့အား စစ်လေယာဉ်နှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကလေး လေးဦး အပါအဝင် အရပ်သား ၁၁ ဦး ထက်မနည်း သေဆုံးပြီး အမြောက်အများ ဒဏ်ရာရခဲ့သည်။ မြောက်ဦး ရှေးဟောင်း သုတေသန ပြတိုက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုမှာ မြန်မာ စစ်တပ်တွင် တာဝန်ရှိကြောင်း မျက်မြင် သက်သေများက ဖော်ပြကြသကဲ့သို့ မှတ်တမ်း ဓာတ်ပုံဖြင့်လည်း တွေ့ရှိရပါသည်။ မြန်မာ စစ်တပ်က OHCHR ကို ပြန်လည် ဖြေကြားရာတွင် “မြောက်ဦးမြို့ရှိ ရှေးဟောင်း ယဉ်ကျေးမှု ပြတိုက်တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၆ ရက်နေ့၌

အခင်း ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း၊" အခိုင်အမာ ပြောကြားခဲ့ပြီး ထိုသို့ ပျက်စီးရခြင်းမှာ ဒီဇင်ဘာလ ၂၅ ရက်နေ့၌ အာရက္ခ တပ်တော်၏ ပစ်ခတ်မှုကြောင့် ဖြစ်ကြောင်း ၎င်းက ဖြေကြားခဲ့သည်။ မြောက်ဦးမြို့တွင် နေထိုင်သူ ၅၀,၀၀၀ ခန့်ရှိပြီး အများစုမှာ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြသည်။ အလားတူပင် ပေါက်တောနှင့် ရမ်းဗြဲမြို့၌လည်း အပျက်အစီး များစွာ ကြုံတွေ့ခဲ့ရပြီး ဒေသခံ ပြည်သူ အများစုမှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ရခိုင်ပြည်နယ် အဝှမ်း အကြမ်းဖက်မှုများ ပျံ့နှံ့လာသည်နှင့် အမျှ အာရက္ခ တပ်တော်နှင့် မြန်မာ စစ်တပ် အကြား တိုက်ပွဲများသည် ပြည်နယ်အတွင်း ကျန်ရှိနေသော ရိုဟင်ဂျာများ အပေါ် ပိုမို ဆိုးရွားစွာ သက်ရောက်မှု ရှိလာပါသည်။ (အပိုင်း ၄ ကို ကြည့်ပါ)။

## ခ။ နေရပ်စွန့်ခွာ တိမ်းရှောင်မှု၏ လူ့အခွင့်အရေး ဆိုင်ရာ အကျိုးသက်ရောက်မှုများ

၂၀။ အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် လူပေါင်း ၂.၈ သန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး ကလေး ခြောက်သန်း အပါအဝင် လူပေါင်း ၁၉ သန်းနီးပါးသည် လူသားချင်း စာနာထောက်ထားမှု အကူအညီ လိုအပ်နေပါသည်။[10] ယခင်က အကြမ်းဖက်မှုမှ အနည်းငယ် သက်သာရာ ရသည့် နေရာများ ဖြစ်သော မြို့ပြဒေသများတွင် ယခုအခါ လူများအပြား နေရပ်စွန့်ခွာ တိမ်းရှောင်မှုများကို မြင်တွေ့လာရပြီး ဗုံးကြဲခြင်းနှင့် ပစ်ခတ်တိုက်ခိုက်ခြင်းမှ ရှောင်ရှားနိုင်ရန် အလို့ငှာ အရပ်သားများသည် မြို့ပြနှင့် မြို့နယ်များမှ ထွက်ပြေးလာကြသည်။ ယခင် အစီရင်ခံစာများတွင် မှတ်တမ်း တင်ထားသည့်အတိုင်း[11] လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းသည် အလွန် အန္တရာယ်များဆဲ ဖြစ်သည်။ ထိုအချက်ကို ဆန်းစစ် အတည်ပြုသည့် အနေဖြင့် ကယ်ဆယ်ရေး ဝန်ထမ်း တစ်ဦးသည် ကယား ပြည်နယ်၊ လွိုင်ကော်မြို့မှ အရပ်သား ငါးဦးအား ကယ်ထုတ်ပေးစဉ် လမ်းတလျှောက်၌ စက်သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း OHCHR အား ပြောကြားခဲ့သည်။ မြန်မာ စစ်တပ်သည် အရပ်သားများ အကာအကွယ် ယူလေ့ရှိသည့် နေအိမ် အမိုးအကာ၊ ခိုလှုံရေး စခန်းနှင့် သာသနိက အဆောက်အအုံများအညှ ပုံမှန် ပစ်မှတ်ထား ဖျက်ဆီးလေ့ရှိသောကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သော အရပ်သား လူထုသည် ခိုလှုံစရာနေရာ နည်းပါးလာပါသည်။ အရပ်သား လူထုသည် ပဲခူးတိုင်း၊ ဇရပ်ကြီး ဒေသမှ သုံးနာရီကျော်ကြာအောင် ထွက်ပြေးပြီးနောက် ဘုန်းကြီးကျောင်း တစ်ကျောင်း၌ ဝင်ရောက်ခိုလှုံကြစဉ် ၎င်းပရိဝုဏ်အား လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သီလရှင် တစ်ပါး ကွယ်လွန်ခဲ့သည်။

၂၁။ ယခုအခါ အရပ်သား ပြည်သူ ထောင်ပေါင်းများစွာသည် အကြိမ်ကြိမ် နေရပ်စွန့်ခွာရခြင်းကြောင့် အရပ်သား လူထု အပေါ် ဆိုးရွား၍ ကျယ်ပြန့်သော လူ့အခွင့်အရေး ဆိုင်ရာ အကျိုးဆက်များ ရှိလာပါသည်။ စားနပ်ရိက္ခာ၊ နေအိမ် အမိုးအကာ၊ သောက်သုံးရေ၊ ပညာရေး၊ စိတ်ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင် ဆေးဝါးကုသမှုတို့သည် နေရပ်စွန့်ခွာ ပြည်သူများ အတွက် အဓိက လိုအပ်ချက်များ ဖြစ်လာပြီး အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများနှင့် လူနည်းစုများ အတွက် စိန်ခေါ်မှုများ ရှိလာပါသည်။ မြန်မာ စစ်တပ်သည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့များအား သယ်ယူပို့ဆောင်ခွင့်ကို တားမြစ် ပိတ်ပင်ခံထားရသောကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သော မသန်စွမ်းများသည် လွတ်လပ်စွာ သွားလာရေး အတွက် စိန်ခေါ်မှုများစွာ ကြုံရသလို ၎င်းတို့ အတွက် အထောက်အပံ့ ဖြစ်စေမည့် ပစ္စည်း ကိရိယာများ ရရှိနိုင်ရန်လည်း ကန့်သတ်ချက် ကြီးကြီးမားမား ကြုံတွေ့နေရကြောင်း အင်တာဗျူး ဖြေဆိုသူများက အထူးပြု ပြောကြားခဲ့သည်။ နေရပ် စွန့်ခွာရခြင်းကြောင့် ယဉ်ကျေးမှု အခွင့်အရေးများ အပေါ် သက်ရောက်မှု ရှိပြီး ဌာနေ တိုင်းရင်းသား အချို့သည် ရိုးရာ ယုံကြည်မှုအား ကျင့်ဆောင်နိုင်ရန် အလို့ငှာ သတ်မှတ်ထားသော ဘိုးဘွားပိုင် နေရာများသို့ သွားလာခွင့် မရခြင်းနှင့် ဘိုးစဉ်ဘောင်ဆက် လက်ဆင့် ကမ်းခဲ့သော မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု ဆိုင်ရာ အသိပညာများအား လူမျိုးစု အသိုက်အဝန်း အတွင်း လက်ဆင့် ကမ်းရန် အခက်အခဲ ရှိကြောင်း သတင်းရင်းမြစ် အချို့က မှတ်ချက်ပြုကြသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သော လူမျိုးစု အသိုက်အဝန်းများသည် ၎င်းတို့၏ အမှတ်သင်္ကေတ အတွက် အရေးကြီးသော စားနပ်ရိက္ခာကို စိုက်ပျိုးရန်နှင့် ရယူနိုင်ရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း အင်တာဗျူး ဖြေဆိုသူများက မှတ်ချက်ပြုခဲ့သည်။ နိုင်ငံသား ဖြစ်ခွင့် မရှိခြင်းသည် ရိုဟင်ဂျာများ၊ အခြား မွတ်စလင် အသိုက်အဝန်းများ၊ ဟိန္ဒူများနှင့် တရုတ် လူမျိုး အတွက် အစဉ်တစိုက် ကြုံတွေ့ရသည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်ရချိန်တွင် ၎င်းတို့၏

[10] https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-37-5-april-2024.

[11] A/HRC/54/59.

အားနည်းသော အခြေအနေမှာ ပိုမို ဆိုးရွားလာပါသည်။ မြန်မာ စစ်တပ်သည် အသက်ကယ်ဆယ်နိုင်သည့် ရွေးချယ်မှုများအား ထပ်မံ ကန့်သတ်လိုက်သည့် အချက်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့ မှစ၍ ပြည်တွင်း ခရီးသွားလာသူ အားလုံးကို နိုင်ငံသား စိစစ်ရေး ကတ်ပြနိုင်မှသာ သွားလာခွင့် ရှိမည်ဟု ထုတ်ပြန်ခဲ့ခြင်းကြောင့် မှတ်ပုံတင် မရှိသည့် လူမျိုးစု အသိုက်အဝန်းများ အတွက် ခရီးသွားလာခြင်းကို တရားမဝင် အဖြစ် ထိရောက်စွာ သတ်မှတ်ရာ ရောက်ပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်ရစဉ် ဆင်းရဲနွမ်းပါးသူများ အထူးသဖြင့် မှတ်ပုံတင် မရှိသူများသည် ငွေညှစ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်းတို့ကို ကြုံတွေ့ရနိုင်ပါသည်။

၂၂။ အင်တာနက် ဆက်သွယ်ရေးနှင့် ဆက်စပ်၍ ကန့်သတ်ချက်များ ထပ်တိုး ချမှတ်ခြင်းကြောင့် စစ်ရေး အကြမ်းဖက်မှုမှ လွတ်မြောက်ရန် အချိန်မီ သတိပေးချက်များ အပါအဝင် အသက် ကယ်ဆယ်နိုင်သော သတင်း အချက်အလက်များအား လူထုမှ ရရှိနိုင်စွမ်းနှင့် ဝေမျှနိုင်စွမ်းကို ထိခိုက်စေပါသည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့မှစ၍ အနည်းဆုံး မြို့နယ် ၁၅၀ တွင် အင်တာနက် ပြတ်တောက်မှုများ ရှိခဲ့ပြီး ပြည်သူများ၏ အခက်အခဲကို ပို၍ ဆိုးရွားစေခဲ့သည်။ ယခင်က တင်ပြခဲ့သည့် ဆိုးကျိုး သက်ရောက်မှုများ အနက်[12] အင်တာနက် ဖြတ်တောက်ခြင်းကြောင့် လက်ဟန် သင်္ကေတဖြင့် အသံတိတ် ဆက်သွယ်ရန် အင်တာနက်လိုင်း လိုအပ်သော နားမကြားသူ မသန်စွမ်းများကို လုံးဝ အထီးကျန်စေကြောင်း သတင်း ရင်းမြစ်များက မီးမောင်းထိုးနေပါသည်။

## ဂ။ အဓမ္မ စစ်သားစုဆောင်းခြင်းနှင့် ၂၀၁၀ စစ်မှုထမ်း ဥပဒေအား အသက်သွင်းခြင်း

၂၃။ မြန်မာ စစ်တပ်သည် ၎င်းတို့ တပ်ပြေးနှင့် ကျဆုံးဒဏ်ရာရမှု အရေအတွက် များလာခြင်းကြောင့် တပ်အင်အား ဖြည့်တင်းရန် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြား အမျိုးသားနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အမျိုးသမီးများအား စစ်မှုထမ်း ဆင့်ခေါ်မည့် ၂၀၁၀ စစ်မှုထမ်း ဥပဒေအား အသက်သွင်းမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ မြန်မာ စစ်တပ်သည် လူငယ်များအား လမ်းပေါ်မှ ဖမ်းဆီး ခေါ်ဆောင်သွားသည် ဟူသည့် စွပ်စွဲချက်များ မြင့်တက်လာသည်နှင့် အမျှ ပြည်သူလူထု အကြား စိုးရိမ်ကြောက်ရွံ့မှုမှာ ကျယ်ကျယ်ပြန့်ပြန့် ကြီးမားလာခဲ့သည်။ ဗီဇာရရှိရန်နှင့် မြန်မာပြည်မှ စွန့်ခွာရန် မျှော်လင့်ပြီး နိုင်ငံခြား သံရုံး ပြင်ပတွင် ရှည်လျားစွာ တန်းစီနေသည့် လူတန်းကြီးကို မြို့ပြကြီးများမှ ရရှိသော ဓာတ်ပုံများတွင် တွေ့မြင်ခဲ့သည်။ လူငယ်များသည် စိုးရိမ်ထိတ်လန့်မှုဖြင့် နိုင်ငံမှ ထွက်ခွာကြသဖြင့် အလွန်အမင်း ဆင်းရဲမွဲတေမှု ဒဏ်ခံစားနေသည့် မြန်မာနိုင်ငံမှ အရည်အချင်းနှင့် အရင်းအမြစ်များကို တပါတည်း လျော့ကျစေသည်။ အိမ်နီးချင်း နိုင်ငံများသည်လည်း မြန်မာနိုင်ငံမှ တိမ်းရှောင်လာသူများကို လက်ခံနိုင်ရေး အတွက် ဖိအားများရှိလာရာ အာဏာ သိမ်းမှုကြောင့် ဒေသတွင်း နိုင်ငံများ အပေါ် သက်ရောက်မှုမှာလည်း ကြီးမားလာပါသည်။ ဖေဖဝါရီလ၌ စစ်မှုထမ်း ဥပဒေကို လက်တွေ့ အကောင်အထည် ဖော်မည် ဟူသည့် ကြေညာချက် ထွက်လာပြီးနောက် တရားလက်လွတ် ဖမ်းဆီးမှုနှင့် အဓမ္မ ခေါ်ဆောင်သွားမှု ဆိုင်ရာ သတင်းများအား OHCHR အနေဖြင့် နေ့တစဉ် ကြားသိလာရပြီး အမျိုးသားများမှာ ၎င်းတို့၏ နေအိမ်၊ လမ်း၊ လုပ်ငန်းခွင်၊ စားသောက်ဆိုင်နှင့် အရက်ဆိုင်များတွင် အဓမ္မ ဖမ်းဆီး ခေါ်ဆောင်ခြင်း ခံလာရပါသည်။ မြန်မာ စစ်တပ်၏ တပ်လှုပ်ရှားမှုအား အကာအကွယ် ပေးရန် သို့မဟုတ် မြေမြှုပ်မိုင်းရန်မှ ကာကွယ်ရန် အလို့ငှာ စစ်သား စုဆောင်းခံရသူများကို ရှေ့တန်း စစ်မျက်နှာပြင်သို့ စေလွှတ်ခြင်း သို့မဟုတ် ပေါ်တာ အဖြစ် အလုပ်ခိုင်းစေခြင်း၊ လူသားဒိုင်း အဖြစ် အသုံးချခြင်းများ ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက အတည်ပြု ပြောကြားခဲ့ပါသည်။

၂၄။ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် စစ်မှုထမ်း အမိန့်နှင့် ဆက်စပ်၍ စည်းမျဉ်းသတ်မှတ်မှု အနည်းငယ်သာ ရှိသော်လည်း ၂၀၁၀ ခုနှစ်ထုတ် စစ်မှုထမ်း ဥပဒေအရ တပ်သားသူ စုဆောင်းခံရသူ၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေကို ယုံကြည်စိတ်ချရသော ဆန်းစစ် အကဲဖြတ်မှု မရှိခြင်း၊ မိမိ ဩတ္တပ္ပစိတ်ဖြင့် ကန့်ကွက်ရန် သို့မဟုတ် လွတ်လပ်သော အဖွဲ့အစည်းထံ အယူခံတင်ရန် အခွင့်အလမ်း မရှိခြင်း စသည့် လိုအပ်သော လုပ်ထုံးလုပ်နည်းများ မရှိခြင်းကြောင့် လူ့အခွင့်အရေးနှင့် ဆက်စပ်၍ လွန်စွာ စိုးရိမ်မှုများ ဖြစ်ပေါ်စေပါသည်။[13] မိမိ လူမျိုးကို မိမိ ပြန်လည် တိုက်ခိုက်ရန် ဖိအား ပေးခံရသည့် အခြေအနေသည် အခြား စိတ်ဖိစီးမှုများ ကြုံတွေ့နေရသည့် လူထု အပေါ်သို့

[12] A/HRC/53/52.

[13] ရိုဟင်ဂျာများအား အဓမ္မ တပ်သားသစ် စုဆောင်းခြင်းနှင့် စစ်မှုထမ်း ခေါ်ယူခြင်းကို အပိုင်း ၄ တွင် ဆွေးနွေးထားပါသည်။

ကြီးလေးသော စိတ်ဖိစီးမှုများ သက်ရောက်စေပါသည်။ လူသစ် စုဆောင်းသည့် အမိန့်စာ လက်ခံရရှိမှုကြောင့် မိမိကိုယ်ကို အဆုံးစီရင်သည့် သတင်း ဖော်ပြချက် အမြောက်အများကိုလည်း လက်ခံရရှိခဲ့ပါသည်။

၂၅။ စိုးရိမ်ဖွယ်ရာကောင်းသည့် အချက်မှာ မြန်မာ စစ်တပ်သည် အတိုက်အခံများ အားနည်းစေရေးနှင့် စည်းလုံးညီညွတ်မှု ပြိုကွဲစေရေး အတွက် ရည်ရွယ်၍ လူမျိုးစု အသိုက်အဝန်းများ အချင်းချင်း ပဋိပက္ခ ဖြစ်ရန် အကျပ်ကိုင်ခြင်း အားဖြင့် လူမျိုးစု အသိုက်အဝန်း အတွင်းနှင့် ၎င်းတို့ အချင်းချင်းကြား တင်းမာမှုများ ဖြစ်စေရန် လှုံ့ဆော်နေပုံ ရပါသည်။ ၎င်းဖြစ်ရပ်သည် ဇန်နဝါရီလတွင် ရှမ်းပြည်နယ်ရှိ မြန်မာ စစ်တပ်၏ မဟာမိတ် ပအိုဝ်း အမျိုးသား တပ်မတော်နှင့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့ အကြား ဖြစ်ပွားခဲ့ပါသည်။ မြန်မာ စစ်တပ်သည် တပ်ဆန့်ကျင်သူများအား တိုက်ခိုက်ရန် အတွက် ၎င်း၏ မဟာမိတ်များကို စစ်လက်နက်များ ပံ့ပိုးပေးခဲ့သည်ဟု ဒေသခံ သတင်းရင်းမြစ်များက ဖော်ပြခဲ့ပါသည်။ တိုင်းရင်းသား လူမျိုးစု တစ်စုတည်းမှ အစုအဖွဲ့ နှစ်ခု အကြား တိုက်ပွဲများ အရှိန်အဟုန်ဖြင့် ဖြစ်ပွားလာပြီး အရပ်သား သေဆုံးမှုနှင့် လူပေါင်း ၆၅,၀၀၀ ကျော် နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်လာခဲ့သည်။[14]

၂၆။ သုံးနှစ်ကြာ ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ၏ တပ်အင်အားလည်း ပြုန်းတီးမှုများ ရှိလာခဲ့ပြီး အရပ်သား ပြည်သူများအား အဓမ္မ စစ်မှုထမ်းစေခြင်းနှင့် အခြား ချိုးဖောက်မှုများကို ကျူးလွန်လာပါသည်။ တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်၊ ရှမ်းပြည် တပ်မတော်-မြောက်ပိုင်းနှင့် ရွှေမင်း ပြည်သူ့စစ်အဖွဲ့တို့၏ ကြေညာချက် အရ ၎င်းတို့ ထိန်းချုပ်ရာ ဒေသရှိ အိမ်ထောင်စုများမှ အိမ်သား တစ်ဦးစီကို စစ်မှုထမ်းရန် အဓမ္မ တွန်းအား ပေးခဲ့ကြောင်း သိရသည်။ ကချင် လွတ်မြောက်ရေး တပ်မတော်သည် အဓမ္မ တပ်သားသစ် စုဆောင်းမှု ရှိကြောင်း အတည်ပြုခဲ့ပြီး အာရက္ခ တပ်တော်သည်လည်း အဓမ္မ စစ်မှုထမ်းစေကြောင်း စွပ်စွဲချက်များကို လက်ခံရရှိခဲ့ပါသည်။

## ၃။ သာသနိက နယ်မြေ၊ အဆောက်အအုံများအား ပစ်ခတ်တိုက်ခိုက်ခြင်း

၂၇။ မြန်မာ စစ်တပ်၏ အကြမ်းဖက်မှုများသည် လူမျိုးစု အသိုက်အဝန်း အသီးသီး၏ ဘာသာရေး အဆောက်အအုံများနှင့် သာသနာ ရေးရာ ပုဂ္ဂိုလ်များကို ပစ်မှတ်ထား တိုက်ခိုက်မှုများ ရှိသည် ဖြစ်ရာ ဘာသာရေး၊ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှု ဆိုင်ရာ လွတ်လပ်ခွင့်အပေါ်လည်း ဆိုးရွားစွာ သက်ရောက်မှု ရှိပါသည်။ အဆိုပါ ချိုးဖောက်မှုနှင့် ဆက်စပ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အချက်အလက် ကောက်ယူနိုင်ခြင်း မရှိသော်လည်း အာဏာ သိမ်းပြီးနောက် စစ်တပ် ဆန့်ကျင်ရေး အုပ်စုများနှင့် လက်နက်ကိုင် အဖွဲ့က “ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ၈၄ ကျောင်း၊ ခရစ်ယာန် ဘုရားကျောင်း ၁၁ ကျောင်း၊ ဟိန္ဒူ ဝတ်ပြုကျောင်း ၄ ကျောင်း၊ သီလရှင်ကျောင်း ၁ ဆောင်၊ သာသနာ့ ခန်းမ ၈ ခု၊ ဓမ္မာရုံ ၁ ရုံ၊ စေတီ ၃ ဆူနှင့် ဗလီ ၃ လုံး” အပါအဝင် “သာသနိက အဆောက်အအုံ စုစုပေါင်း ၁၁၅ လုံး” ဖျက်စီးခဲ့ကြောင်း မြန်မာ စစ်တပ်က သတင်း ထုတ်ပြန်ခဲ့သည်။[15] အများသူငါ လေ့လာနိုင်သည့် သတင်း ရင်းမြစ်များနှင့် သက်ဆိုင်ရာ အစီရင်ခံစာများကို ဆန်းစစ် လေ့လာချက် အရ မြန်မာ စစ်တပ်သည် ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုံ ၁၄၄ ခုကို ပျက်စီးစေခဲ့ကြောင်း ညွှန်ပြနေသည်။ ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ အရ မြန်မာ စစ်တပ်သည် ခရစ်ယာန် ဘာသာရေး အဆောက်အအုံများကို ဖျက်ဆီးမှုကြောင့် ကရင် ပြည်နယ် အတွင်း ဘုရားကျောင်း ၂၂ ကျောင်းနှင့် ကယား ပြည်နယ် အတွင်း ဘုရားကျောင်း ၄၂ ကျောင်း အသီးသီး ပျက်စီးခဲ့ပြီး ဒေသခံ သတင်းရင်းမြစ်များ အရ ချင်းပြည်နယ်ရှိ ခရစ်ယာန် ဘာသာရေး အဆောက်အအုံ ၆၇ ခုမှ အများစုမှာ ထိခိုက်၊ ပျက်စီးခဲ့ကြောင်း သိရသည်။ ခရစ်ယာန် ဘာသာဝင်များသည် စုစုပေါင်း လူဦးရေ၏ ခြောက်ရာခိုင်နှုန်းကို ကိုယ်စားပြုရာ ထိုသို့ ခရစ်ယာန် ဘာသာရေး အဆောက်အအုံများ ပျက်စီးမှု အရေအတွက် အရ မြန်မာ စစ်တပ်၏ အကြမ်းဖက်မှုသည် ခရစ်ယာန် လူမှု အသိုက်အဝန်း အပေါ် အချိုးမညီစွာ သက်ရောက်မှု ရှိကြောင်း ပြသနေပါသည်။ မြေပြင်မှ အတည်ပြုထားသည့် အချက်အလက်နှင့် ဂြိုလ်တု ဓာတ်ပုံများ အရ ဩဂုတ်လ ၁၄ ရက်နေ့တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့၌ လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ခွာဖိုး နှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်းမှာ ထိခိုက်ပျက်စီးမှု ရှိကြောင်း သိရသည်။ မြန်မာ စစ်တပ်သည် ထန်တလန် မြို့အား အကြိမ်ပေါင်း ၃၀ ကျော် မီးရှို့ ဖျက်ဆီးပြီးနောက် ၎င်းဒေသရှိ ခရစ်ယာန်

[14] https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-36-3-march-2024.

[15] အချိန်နှင့် တည်နေရာ အသေးစိတ် အချက်အလက်ကို မျှဝေမှု မရှိသဖြင့် ဤဖြစ်ရပ်ကို လွတ်လပ်စွာ အတည် မပြုနိုင်ခဲ့ပါ။

ဘုရားကျောင်း ၂၂ ကျောင်းမှ ၂၁ ကျောင်းမှာ ပျက်စီးခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ၎င်းသည် အပျက်အစီး အမြင့်ဆုံး ဖြစ်ကြောင်း သိရသည်။

၂၈။ သာသနာရေးရာ ပုဂ္ဂိုလ်များအား မြန်မာ စစ်တပ်ဆန့်ကျင်သူများ အဖြစ် ယူဆလာရာ ၎င်းတို့သည် အကြမ်းဖက်မှု၏ ပစ်မှတ်များ ဖြစ်လာကြသည်။ ခိုင်လုံသော ရင်းမြစ်များ အရ စစ်အာဏာ သိမ်းပြီးနောက်ပိုင်း နိုင်ငံအဝှမ်း၌ သံဃာတော်၊ သီလရှင်၊ ခရစ်ယာန် ဓမ္မဆရာနှင့် မွတ်စလင် ဘာသာရေး ခေါင်းဆောင် ၃၂ ဦးထက် မနည်း သတ်ဖြတ်ခံခဲ့ရကြောင်း အတည်ပြု ပြောကြားခဲ့သည်။ လေကြောင်း တိုက်ခိုက်မှုနှင့် တရားလက်လွတ် ကွပ်မြက်ခြင်း၊ အထူးသဖြင့် ဖမ်းဆီးခံရစဉ်အတွင်း သတ်ဖြတ်မှုများကို သေဆုံးမှု၏ အဓိက အကြောင်းရင်း အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဧရာဝတီတိုင်းမှ လွဲ၍ ပြည်နယ်တိုင်း အားလုံးတွင် ဖမ်းဆီးခံရသူ ၁၄၇ ဦးအနက် သံဃာတော် ၁၂၅ ပါးနှင့် ခရစ်ယာန် ဓမ္မဆရာ ၉ ပါး ရှိကြောင်း ဆန်းစစ် တွေ့ရှိခဲ့ရသည်။ ယင်းတို့ အနက် သံဃာတော် ၁၀၆ ပါးနှင့် ခရစ်ယာန် ဓမ္မဆရာ အားလုံး၊ စုစုပေါင်း ၁၂၄ ဦးသည် ဖမ်းဆီးထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ မြန်မာ စစ်တပ်သည် OHCHR ၏ မေးမြန်းမှုကို ဖြေကြားရာ၌ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းသည် “သံဃာတော် ၇၇ ပါး၊ သီလရှင် ၂ ပါး”ကို သတ်ဖြတ်မှု အတွက် တာဝန်ရှိကြောင်း ဖြေကြားခဲ့သော်လည်း ခရစ်ယာန် ဘာသာရေး ခေါင်းဆောင်များနှင့် သာသနာရေးရာ ပုဂ္ဂိုလ်များအား ဖမ်းဆီး သတ်ဖြတ်မှုကို ဖြေကြားသွားခြင်း မရှိပေ။[16]

၂၉။ ဝတ်ပြုကိုးကွယ်နေစဉ် ဘာသာရေး အဆောက်အအုံများ အပေါ် လေကြောင်း တိုက်ခိုက်မှုကြောင့် ယုံကြည်ကိုးကွယ်သူများ သေကြေမှုနှင့် ၎င်းတို့အကြား အကြောက်တရား ကြီးစိုးမှုများ ဖြစ်ပေါ်စေပါသည်။ ဇန်နဝါရီလ ၇ ရက်နေ့၌ ချင်းလူမျိုး အများစု နေထိုင်သည့် စစ်ကိုင်းတိုင်း၊ ကနန် ကျေးရွာတွင် တနင်္ဂနွေနေ့ နံနက် ဝတ်ပြု ကိုးကွယ်နေချိန်တွင် စိန့်ပီတာ နှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်း အပေါ် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်မှုကြောင့် အနည်းဆုံး ကလေး ရှစ်ဦး အပါအဝင် လူပေါင်း ၁၇ ဦး သေဆုံးခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ အများအပြားမှ သိရှိရသည်။ ထိုသို့ တိုက်ခိုက်ခြင်းကြောင့် ပြတ်ထွက်သွားသော ခြေလက် အင်္ဂါများအား အလောင်းများနှင့် အတူ ကောက်ယူ မြှုပ်နှံခဲ့ရကြောင်း လူမှုကယ်ဆယ်ရေး လုပ်သား တစ်ဦးက ထုတ်ဖော် ပြောကြားခဲ့သည်။ စစ်တပ် အားပေးထောက်ခံသည့် သတင်းစာက ၎င်းဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ခြင်း မရှိဟု ကနဦး၌ ငြင်းဆိုခဲ့သော်လည်း မြန်မာ စစ်တပ်က OHCHR အား တုံ့ပြန်ဖြေကြားရာတွင် ၎င်းတို့၏ "လေယာဉ်သည် ပစ်ခတ် တိုက်ခိုက်ခံရပြီးနောက်” “ကနန် ဒေသ၏ မြောက်ဘက်၊ မီတာ ၂၅၀၀” အကွာတွင် ကျင်းပသော စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့၏ လေ့ကျင့်ရေး အခမ်းအနားကို “နံနက် ၁၀ နာရီ ဝန်းကျင်တွင်” တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ OHCHR မှ ၎င်းဖြစ်စဉ်နှင့် ဆက်စပ်၍ အချက်အလက်များ တောင်းခံခဲ့သော်လည်း စစ်တပ်သည် ဘုရားကျောင်း ပျက်စီးမှုနှင့် သေဆုံးမှု ဆိုင်ရာ ရှင်းပြချက် တစုံတရာ မပေးခဲ့ပေ။

၃၀။ မြန်မာ စစ်တပ်သည် ခရစ်ယာန် ဘုရားကျောင်းများအား ဖျက်စီးမှုနှင့်အတူ နိုင်ငံအဝှမ်းရှိ ခရစ်ယာန် ဘုရားကျောင်းများအား စစ်ရေး ရည်မှန်းချက် အဖြစ် အသုံးချနေကြောင်းကို အင်တာဗျူး ဖြေကြားသူများက တစိုက်မတ်မတ် တင်ပြကြသည်။ မြန်မာ စစ်တပ်သည် နိုဝင်ဘာလ၌ လွိုင်ကော်မြို့အား ဗုံးကြဲ တိုက်ခိုက်ရာတွင် စစ်ရှောင် ဒုက္ခသည်များ ခိုလှုံနေသည့် ခရစ်တော် ဘုရင် ဗဟို ကက်သလစ် ဘုရားကျောင်းကြီးကိုလည်း ပစ်ခတ် ဖျက်ဆီးခဲ့သည်။ ဘုရားကျောင်းကြီးသည် စစ်ရေးဗျူဟာမြောက်ပြီး လွိုင်ကော်မြို့ တစ်မြို့လုံးအား လွှမ်းခြုံ မြင်နိုင်သည့် အားသာချက် ရှိသောကြောင့် မြန်မာ စစ်သားများသည် ဘုရားကျောင်း ပရိဝုဏ်အတွင်း ဝင်ရောက် နေရာယူကာ ကက်သလစ် ဆရာတော်၊ ရဟန်းဘုန်းကြီးများနှင့် ဘာသာဝင်များအား ၎င်းဘုရားကျောင်းမှ အဓမ္မ ဖယ်ရှားခဲ့ရသည်။ “ကျွန်တော်တို့ရဲ့ ဒီကျောင်းတော်ကြီးက ကယား ကက်သလစ် သာသနာရဲ့ အဓိက ကျောင်းတော်၊ ဗဟိုချက်မနဲ့ သာသနာပိုင်ချုပ် ဆရာတော် အခြေချတဲ့ ကျောင်းတော်ကြီး ဖြစ်တယ်။ ဒီကျောင်းတော်ကြီးက ကျွန်တော်တို့ရဲ့ နှလုံးသားနဲ့ တူတယ်။ အခုလို ကျောင်းတော်ကြီးကို တိုက်ခိုက်မှုမျိုးဟာ ကျွန်တော်တို့ လူထု တစ်ရပ်လုံးရဲ့ နှလုံးသားကို တိုက်ခိုက်သလိုမျိုး ခံစားရတယ်။”ဟု တွေ့ကြုံခံစားခဲ့ရသူ တစ်ဦးက ရှင်းပြခဲ့သည်။

၃၁။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများ၊ အခြား မွတ်စလင် လူနည်းစုများ သာမက ဗလီကျောင်းနှင့် ဟိန္ဒူ ဝတ်ပြုကျောင်းများအား ပစ်မှတ်ထား တိုက်ခိုက်သည့် ပုံစံတူ အခင်းအကျင်းကို ၂၀၀၁ ခုနှစ် ကတည်းက

[16] Ibid.

မှတ်တမ်း တင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၎င်းတို့အပေါ် စနစ်တကျ တိုက်ခိုက်မှုသည် အဆိုးဆုံး အခြေအနေသို့ ရောက်ခဲ့သည်။ လက်ရှိ ဖြစ်ပွားနေသော ပဋိပက္ခ အတွင်း မောင်တော ဒေသရှိ ပလိုင်ကြီး ဗလီကျောင်း ကဲ့သို့ မွတ်စလင် ဘာသာရေး အဆောက်အအုံများကို စစ်တပ် စခန်းများ အဖြစ် ယခုအခါ အသုံးချနေကြပြီ ဖြစ်သည်။

၃၂။ သာသနာရေးရာ ပုဂ္ဂိုလ်များနှင့် သာသနိက အဆောက်အအုံများအား ကာကွယ်စောင့်ရှောက်ရေး အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ဆက်စပ်၍ စောင့်ထိန်းရမည့် တာဝန်ဝတ္တရားအား မြန်မာ စစ်တပ်က လစ်လျူရှုကာ အကြမ်းဖက်မှုအား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေခြင်းကြောင့် ဘာသာတရား ပေါင်းစုံမှ ယုံကြည်သက်ဝင်သူ အပေါင်းသည် တိုက်ရိုက် ပစ်ခတ်တိုက်ခိုက် ခံရမည်ကို စိုးရိမ်၍ ၎င်းတို့၏ ဘာသာရေး အဆောက်အအုံ ပြင်ပ၌သာ ဝတ်ပြုကိုးကွယ်ရကြောင်း သို့မဟုတ် ဖြစ်သလို တည်ဆောက်ထားသော နေရာများ၌သာ ဝတ်ပြုကိုးကွယ်နေရကြောင်း အင်တာဗျူး ဖြေဆိုသူများက အခိုင်အမာ ဆိုကြသည်။ ဘုရားကျောင်းနှင့် ဗလီများ တည်ဆောက်ရန် သို့မဟုတ် မွမ်းမံပြင်ဆင်ရန် ခွင့်ပြုချက်ရရှိရေး အတွက် အတားအဆီးများ ချမှတ်ထားခြင်း ကဲ့သို့ ခွဲခြားဆက်ဆံသည့် စည်းမျဉ်း ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှိသောကြောင့် ခရစ်ယာန်များနှင့် မွတ်စလင်များ အပါအဝင် လူနည်းစု အသိုက်အဝန်းများ၌ အထူး နစ်နာမှုများ ရှိနေပါသည်။ ဘုရားကျောင်း တည်ဆောက်ရန် သို့မဟုတ် ပြုပြင်မွမ်းမံရန် တရားဝင် ခွင့်ပြုချက် ရရှိရန် ခက်ခဲတတ်ကြောင်း၊ စစ်တပ်ထံမှ ခွင့်ပြုချက် ရယူသည့် လုပ်ငန်းစဉ်မှာလည်း ဘာသာရေး အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုနှင့် ၎င်းတို့ စိတ်အလိုကျ ဆုံးဖြတ်ချက်ချမှုသာ မူတည်ကြောင်း ခရစ်ယာန် ဘာသာရေး အကြီးအကဲများက ဆိုကြသည်။ ထို့ကြောင့် ယုံကြည်သူများသည် ၎င်းတို့၏ ဘာသာရေး ယဉ်ကျေးမှု အမွေအနှစ်များ ထာဝရ ဆုံးရှုံးရမည်ကို စိုးရိမ်ကြသကဲ့သို့ ဘာသာရေး ဝတ်ပြုကျောင်းများက ပေးသည့် နှစ်သိမ့်မှုနှင့် မျှော်လင့်ချက်များ ကင်းမဲ့တော့မည်ကို ပူပန်နေကြပါသည်။ ဘာသာရေး အသိုက်အဝန်းများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ကျောင်းဝန်း အဆောက်အအုံများ မရှိတော့သဖြင့် ၎င်းတို့၏ ဝိညာဉ်ရေးနှင့် ယဉ်ကျေးမှု လူမှုဘဝတွင် အလွန်အမင်း ကန့်သတ်ခံရသည် သာမက စစ်ရှောင်လူထု ကဲ့သို့ ထိရှလွယ်သော လူအုပ်စုများအား လူမှု ကူညီရေး ဝန်ဆောင်မှု ပေးနိုင်စွမ်း အပေါ်လည်း များစွာ သက်ရောက်မှု ရှိပါသည်။

## ၄။ ရိုဟင်ဂျာ လူမှု အသိုက်အဝန်း၏ လူ့အခွင့်အရေး အခြေအနေ

၃၃။ ရိုဟင်ဂျာ အသိုက်အဝန်းသည် အစဉ်တစိုက် ခွဲခြားဆက်ဆံမှုနှင့် အတိဒုက္ခ ရောက်ရန် ရည်ရွယ်သည့် ကန့်သတ်ချက်မှုများအား တွေ့ကြုံခံစားရသည့် အပြင်[17] နိုဝင်ဘာလ၌ ရခိုင်ပြည်နယ် အတွင်း တကျော့ပြန် စစ်ပွဲများ ပြန်လည် ဖြစ်ပွားသည့် အချိန်မှစ၍ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ပုံစံသစ်ဖြင့် ကြုံခဲ့ရသည်။ မြန်မာ စစ်တပ်သည် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ အင်တာနက် ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ခံထားရသည့် အပြင် ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားသည့် မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော်တို့ အကြား တိုက်ပွဲများ အတွင်း ရိုဟင်ဂျာ ကျေးရွာများ အတွင်းနှင့် အနီးတဝိုက်တွင် တပ်စွဲနေရာယူခြင်း ကဲ့သို့ ပုံစံတူ အခြေအနေမျိုး ပြန်လည် ဖြစ်ပွားလာသည် ဖြစ်ရာ ရိုဟင်ဂျာများ အသက်ရှင်သန် နေထိုင်ရေး အတွက် ဘေးကင်းလုံခြုံသော အခြေအနေ ကင်းမဲ့နေကြောင်း ဆန်းစစ် အတည်ပြုချက်များ အရ သိရသည်။[18] ထို့အပြင် မြန်မာ စစ်တပ်၏ လေတပ်၊ ကြည်းတပ်နှင့် ရေတပ်မှ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရမှုများ၊ ပျက်စီး ဆုံးရှုံးမှုများနှင့် အစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာ တိမ်းရှောင်ရမှုများ ရှိရာ နိုဝင်ဘာလမှ စ၍ အနည်းဆုံး ရိုဟင်ဂျာ ၈၆ ဦး သေဆုံးပြီး ထောင်နှင့်ချီ၍ ထွက်ပြေးတိမ်းရှောင်ရကြောင်း သိရသည်။[19] ရိုဟင်ဂျာများသည် အာရက္ခ တပ်တော်နှင့် ရိုဟင်ဂျာ လက်နက်ကိုင် အဖွဲ့တို့၏ အလွဲသုံးစားပြုမှုနှင့် ရာဇဝတ် လုပ်ရပ်များကိုလည်း စိုးရိမ်ကြောက်ရွံ့နေရသည်။ ရိုဟင်ဂျာ အသိုက်အဝန်း အပေါ် အန္တရာယ် ကျရောက်စေသည့် သက်ဆိုင်ရာ အစုအဖွဲ့ အားလုံး၏ လုပ်ဆောင်ချက်များသည် အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်ခဲ့သော ကြားဖြတ် အစီအမံနှင့် ကွဲလွဲမှု ရှိနေပုံ ပေါ်ပြီး မြန်မာ စစ်တပ်နှင့် အခြား ကျူးလွန်သူများသည် ၎င်းတို့၏ လုပ်ရပ် အတွက် အပြစ်ပေး အရေးယူ ခံရမှု မရှိဟုလည်း ယုံကြည်နေကြောင်း ညွှန်ပြနေပါသည်။ လတ်တလော၌ တာဝန်ခံမှု

17 A/HRC/52/21.

18 A/HRC/52/21.

19 ယုံကြည်စိတ်ချရသော မိတ်ဖက် အဖွဲ့အစည်းများမှ အတည်ပြုထားသော သေဆုံးမှု အရေအတွက်သာ ထည့်သွင်း ဖော်ပြထားသောကြောင့် အမှန်တကယ် သေဆုံးသည့် ရိုဟင်ဂျာ အရေအတွက်မှာ အလွန်များပြားနိုင်သည်ဟု စိုးရိမ်စွာ မှတ်ယူရပါသည်။ မြို့နယ် ၅ ခု အတွက် ဆန်းစစ်အတည်ပြုခြင်းများ ဆက်လက်လုပ်ဆောင်နေပါသည်။

ကင်းမဲ့စွာဖြင့် လူမျိုးစု အကြား တင်းမာမှုများ ဖန်တီးရန် မြန်မာ စစ်တပ်၏ ဆောင်ရွက်ချက်များနှင့် ကြားဖြတ် အစီအမံအား ချိုးဖောက်မှုဟု ယူဆနိုင်သည့် အချက်များမှာ ပို၍ ထင်ရှားလာပါသည်။

၃၄။ အတည်ပြုထားသော အချို့ ဖြစ်စဉ်များ အရ မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော် နှစ်ဖက်စလုံးသည် ရိုဟင်ဂျာ အရပ်သားများအား အကာအကွယ် ပေးရန် လုံလောက်သော ကြိုတင် ဆောင်ရွက်မှုများ မရှိကြောင်း ပြသနေသည်။ ၎င်းတို့၏ နည်းပရိယာယ်များကြောင့် ရိုဟင်ဂျာများသည် တိုက်ပွဲ ဖြစ်ပွားစဉ် ကာလအတွင်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်၍ မရအောင် တားဆီးထားသကဲ့သို့ ရှိသည်။ နိုဝင်ဘာလ ၁၄ ရက်နေ့မှ စတင် ဖြစ်ပွားသည့် ဖြစ်စဉ်များသည် လက်ရှိ အခြေအနေအား ဖော်ကျူးနေပါသည်။ ရခိုင် ပြည်နယ်တွင် တကျော့ပြန် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားသည်နှင့် တပြိုင်နက် မြန်မာ စစ်တပ်သည် မင်းပြားမြို့နယ်၊ ဆင်ကြီးပြင် ကျေးရွာအား လက်နက်ကြီးဖြင့် ကြိမ်ဖန်များစွာ ပစ်ခတ်ခဲ့ရာ အမျိုးသမီး နှစ်ဦး အပါအဝင် ရိုဟင်ဂျာ အရပ်သား လေးဦး သေဆုံးခဲ့သကဲ့သို့ ငါးနှစ်အရွယ် ကလေးတစ်ဦး အပါအဝင် အခြား ကိုးဦး ဒဏ်ရာ ရခဲ့ကြောင်း မြေပြင် သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ၎င်းကျေးရွာ အနီးတွင် အာရက္ခ တပ်တော် တပ်စွဲထားခြင်း မရှိကြောင်း မျက်မြင်သက်သေများက အတည်ပြု ပြောကြားခဲ့သည်။ အနီးနားရှိ သာဒါ ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်လာသော ရိုဟင်ဂျာ ၁၄ ဦးသည် မတ်လ ၁၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော လေကြောင်း တိုက်ခိုက်မှု အတွင်း သေဆုံးခဲ့သည်။ အဆိုပါ ဖြစ်ရပ်တွင် စစ်ရဟတ်ယာဉ် တစ်စီးသည် သာဒါ ကျေးရွာအား တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၄ ရက်နေ့ ဆင်ကြီးပြင်ရွာမှ ထွက်ပြေးလာသူ အရပ်သား ၁၄ ဦး အပါအဝင် ရိုဟင်ဂျာ ၂၄ ဦး သေဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှု အတွင်း နောက်ထပ် ၂၇ ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။ ၎င်းလေကြောင်း တိုက်ခိုက်မှုတွင် ဒဏ်ရာ ရခဲ့သည့် အခြား ရိုဟင်ဂျာ အရပ်သား နှစ်ဦးသည်လည်း ဆေးကုသခွင့် မရသောကြောင့် သေဆုံးခဲ့သည်။ နောက်ဖြစ်စဉ်တစ်ခု အရ မြန်မာ စစ်တပ်သည် ဇန်နဝါရီလ ၂၆ ရက်နေ့က အာရက္ခ တပ်တော်၏ တည်နေရာ ဖြစ်သော ဘူးသီးတောင် မြို့နယ်ရှိ ဖောင်ညိုလိပ် အမည်ရ ရိုဟင်ဂျာ ကျေးရွာအား လက်နက်ကြီးဖြင့် လေးရက်တိုင် ပစ်ခတ်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက အတည်ပြု ပြောကြားခဲ့သည်။ ရလဒ်အားဖြင့် ရိုဟင်ဂျာ ရွာသား ၁၂ ဦး ထက်မနည်း သေဆုံးခဲ့ပြီး ၃၀ ဦး ဒဏ်ရာရခဲ့ကာ ၎င်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ဒေသမှ ရိုဟင်ဂျာ ၅,၀၀၀ ကျော်သည်လည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မြန်မာ စစ်တပ်သည် OHCHR မှ သီးခြား တောင်းဆိုချက်အား တုံ့ပြန်ဖြေကြားသည့် အနေဖြင့် အဆိုပါ ကျေးရွာတွင် ဇန်နဝါရီလ ၂၆ ရက်နေ့က “မည်သည့် ဖြစ်ရပ်မှ ဖြစ်ပွားခဲ့ခြင်း မရှိ”ဟု ထုတ်ပြန်ဖြေကြားခဲ့သည်။ ကျေးရွာအား စစ်ရေး ရည်ရွယ်ချက် အတွက် အသုံးမချရန် ကျေးရွာ လူထု၏ ထပ်ခါတလဲလဲ တောင်းဆိုချက်များအား အာရက္ခ တပ်တော်က လစ်လျူရှုကြောင်း အင်တာဗျူး ဖြေဆိုသူများက အတည်ပြုခဲ့သည်။ လူနေ ထူထပ်သော နေရာအား လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရိုဟင်ဂျာ အများအပြား အသက် ဆုံးရှုံးခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။ မြန်မာ စစ်တပ်သည် ဒီဇင်ဘာလ၊ ၂၈ ရက်နေ့ ညပိုင်းတွင် ဘူးသီးတောင် မြို့နယ်၊ စေတီတောင် ကျေးရွာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ၁၂ နှစ် အရွယ် ယောကျာ်းလေး တစ်ဦး အပါအဝင် အမျိုးသား တစ်ဦးနှင့် သူ၏ သားသုံးဦး သေဆုံးခဲ့ကာ သူ၏ ၈ နှစ်အရွယ် သားငယ်နှင့် ၁၀ နှစ်အရွယ် သမီးငယ်တို့မှာ အပြင်းအထန် ဒဏ်ရာ ရရှိခဲ့သည်။ ၎င်းကျေးရွာအား ပစ်ခတ်တိုက်ခိုက်ချိန်၌ အာရက္ခ တပ်တော်နှင့် အခြား မည်သည့် လက်နက်ကိုင် အစုအဖွဲ့မှ ရွာအတွင်း မရှိသကဲ့သို့ တိုက်ခိုက်မှုကြောင့် ရုပ်အလောင်းများမှာ မမှတ်မိနိုင်အောင် မီးလောင်ပျက်စီးသွားကြောင်း မျက်မြင်သက်သေ တစ်ဦးက ပြောကြားခဲ့သည်။

၃၅။ မြန်မာ စစ်တပ်သည် စစ်မှုထမ်း ဥပဒေ အမည်ခံ၍ စစ်ရှောင် စခန်းများနှင့် ကျေးရွာများမှ ရိုဟင်ဂျာ အမျိုးသားများအား အဓမ္မ ခေါ်ဆောင်သွားကာ ရှေ့တန်းသို့ စစ်တိုက်ရန် စေလွှတ်ခြင်း မပြုမီ ၎င်းတို့အား အခြေခံ စစ်သင်တန်း ပေးခဲ့ကြောင်း ရုပ်သံမှတ်တမ်းများ၊ ဓာတ်ပုံများနှင့် အခြား ရင်းမြစ်များက ဖော်ပြခဲ့ရာ အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်ထားသည့် ရိုဟင်ဂျာ သေဆုံးမှုမှ တားဆီးကာကွယ်ရေး ဆိုင်ရာ ကြားဖြတ် အစီအမံ၏ ရှုထောင့်အရ ကြည့်လျှင် ၎င်းသည် အလွန်အမင်း စိုးရိမ်စရာ ကောင်းလှပါသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦး၏ အဆိုအရ ၎င်းကို အခြား အယောက် ၃၀ နှင့် အတူ ၎င်း၏ ကျေးရွာမှ ခေါ်ဆောင်သွားကာ လေ့ကျင့်ရေး စစ်စခန်း၌ ၁၄ ရက်ကြာ စစ်သင်တန်း ပေးခံရပြီးနောက် တိုက်ပွဲ ဖြစ်ပွားရာ ဒေသသို့ စေလွှတ်ခဲ့ကြောင်း ဆိုခဲ့ပါသည်။ စစ်သင်တန်းတွင် စစ်ရေး လေ့ကျင့်ခြင်း၊ အပြေးကျင့်ခြင်း၊ အခြေခံ ပစ်ခတ်နည်းများ၊ တိုက်ပွဲ အတွင်း တပ်ရွှေ့လျားခြင်းနှင့် နေရာယူခြင်းနည်းများအား သင်ကြားခဲ့သည်။ အင်တာဗျူး ဖြေကြားသူသည် စိုးရိမ်ကြောက်လန့်၍ စစ်သင်တန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ စစ်တပ်သည် သူ၏ မိသားစု အပေါ် လက်တုံ့ပြန်မည်မှာ သေချာသောကြောင့် မိသားစုဝင်များအား

ပုန်းအောင်ကြရန် သူက သတိပေးခဲ့သည်။ မြန်မာ စစ်တပ်သည် ကျေးရွာ၌ ကျန်ရှိနေသော မိသားစုဝင်များကို မကြာခဏ ခြိမ်းခြောက် အကျပ်ကိုင်ကာ လူသစ် စုဆောင်းခံရသူများ နာခံမှု ရှိစေရန် မိသားစုဝင်များကို အသုံးချလေ့ရှိသည်။ စစ်သင်တန်း စရိတ် အတွက် ရွာသူရွာသားများထံမှ ကျပ်ငွေ ၃၀၀,၀၀၀ အဓမ္မ တောင်းယူခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြန်လည် ပြောပြခဲ့သည်။ မြန်မာ စစ်တပ် အရာရှိ အချို့သည် မတ်လ ၁၇ ရက်၌ စစ်တွေမြို့ရှိ သက္ကယ်ပြင် ကျေးရွာသို့ ရောက်လာကာ နောက်ငါးနှစ် အတွင်း တစ်နှစ်လျှင် ရိုဟင်ဂျာ ၁၅ ဦးထက်မနည်း စစ်မှုထမ်းရန် လိုအပ်ကြောင်း ရိုဟင်ဂျာ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာလူကြီးများအား ပြောကြားခဲ့ပြီး စစ်သင်တန်း တက်မည့် ရိုဟင်ဂျာများ အတွက် ကျေးရွာမှ ငွေကြေး ထောက်ပံ့ရန်လည်း ၎င်းတို့အား တောင်းဆိုခဲ့သည်ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောခဲ့သည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးသည် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၅,၀၀၀ ကျပ်ထက်မနည်း စတင် ကောက်ခံခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဖော်ပြခဲ့သည်။ မြန်မာ စစ်တပ်က လူသစ်စုဆောင်းခံရသူများသည် နိုင်ငံသား ဖြစ်ခွင့်နှင့် ငွေကြေး ကဲ့သို့ အကျိုးခံစားခွင့်များ ပေးမည်ဟု ကတိပြုခဲ့သော်လည်း အဆိုပါ ကတိ အတိုင်း ဆောင်ရွက်ခြင်း မရှိဟု အင်တာဗျူး ဖြေဆိုသူများက အတည်ပြု ပြောကြားခဲ့သည်။ ကနဦး၌ ရိုဟင်ဂျာများကို နေရပ်စွန့်ခွာ စေပြီး စခန်းများတွင် သွားလာခွင့် ကန့်သတ်ထားသည့် မြန်မာစစ်တပ်က ၎င်းတို့ကို အဓမ္မ စစ်မှုထမ်းစေခြင်းသည် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ဖြစ်သည့် အပြင် ရခိုင်ပြည်နယ် အတွင်း အလွန်အမင်း အကဲဆတ်သည့် လူမှုရေး အခြေအနေကြောင့် ၎င်းတို့အကြား လူမျိုးရေး တင်းမာမှုများ ဖြစ်ပေါ်စေမည်မှာ မလွဲကေန် ဖြစ်ပါသည်။

၃၆။ အာရက္ခ တပ်တော်သည်လည်း မတရားမှုများစွာဖြင့် ရိုဟင်ဂျာများကို ပစ်မှတ်ထားကြကာ ၎င်းတွင် သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ပြင်းထန်စွာ ရိုက်နှက်ခြင်း၊ အဓမ္မ လူသစ် စုဆောင်းခြင်း၊ အဓမ္မ လုပ်အားပေး ခိုင်းစေခြင်း၊ ငွေညှစ်ခြင်းနှင့် အသက်ကယ်နိုင်သော ရင်းမြစ်များအား ရယူခွင့် မပေးခြင်းတို့ ပါဝင်ပါသည်။ ၎င်းလက်နက်ကိုင် နှစ်ဖွဲ့အကြား မည်သည့် ကွာခြားချက်မျှ မရှိကြောင်း၊ အသက်ဘေး အန္တရာယ်နှင့် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစဉ်မပြတ် ခံစားနေရကြောင်း ရိုဟင်ဂျာများက ထုတ်ဖော် ပြောဆိုလေ့ရှိသည်။ ရိုးရှင်းပြီး ရှင်းလင်းစွာ ပြသနိုင်သည့် အချက်တစ်ခုမှာ ဤလူမှု အသိုက်အဝန်းအား ညွှန်းဆို ခေါ်ဝေါ်ရာ၌ “ရိုဟင်ဂျာ” ဟူသည့် အသုံးအနှုန်းအား အသုံးပြုရန် ၎င်းလက်နက်ကိုင် နှစ်ဖွဲ့စလုံးက အမြဲတစေ ငြင်းဆိုနေခြင်း ဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသ တလျှောက်တွင် ဝါးအမိုးအကာဖြင့် တည်ဆောက်ထားသော အကျဉ်း စခန်းငယ်များ တည်ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက ဖော်ပြခဲ့သည်။ ဖြေကြားသူ တစ်ဦး၏ အဆိုအရ သူသည် ထိုကဲ့သို့သော အကျဉ်းစခန်းသို့ မျက်လုံးကို အဝတ်ဖြင့် စည်းခံရကာ တောထဲမှ ဖြတ်၍ လေးနာရီကြာ လမ်းလျှောက်စေခဲ့ကြောင်း ပြောပြသည်။ သူ့အား ၁၄ ရက်ကြာ ဖမ်းဆီး ထိန်းသိမ်းခဲ့ပြီး သူသည် ရိုက်နှက်မှု၊ ဇောက်ထိုး တွဲလောင်းချ ခံရမှုနှင့် သေနတ်ဖြင့် ထောက်၍ ခြိမ်းခြောက်မှုများအား ကြုံခဲ့ရသည်။ ယခင်က အာရက္ခ တပ်တော်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ အပါအဝင် ရိုဟင်ဂျာ အများအပြားမှာ မည်သည့် နေရာတွင် ရှိကြောင်း မည်သူမျှ မသိသကဲ့သို့ ဖမ်းဆီးခေါ်ဆောင်ခံရသော ဆွေမျိုးများ အသက်ရှင်သန်ခြင်း ရှိမရှိကို ၎င်းတို့၏ ဆွေမျိုးများ ကိုယ်တိုင် မသိကြောင်း ရင်းမြစ်များက ဖော်ပြခဲ့သည်။ ရိုဟင်ဂျာများကို စစ်သားသစ် စုဆောင်းရေး အတွက် ဒေသခံ အုပ်ချုပ်ရေးမှူးများအား ပစ်မှတ်ထားလာခြင်းကြောင့် အုပ်ချုပ်ရေးမှူးများမှာ စိုးရိမ်ပူပန်လာကြသည်။

၃၇။ ပေါက်ကွဲစေတတ်သော လက်နက် အကြွင်းအကျန်များသည် လူ့အသိုက်အဝန်း အားလုံး အတွက် ဘေးကင်းလုံခြုံရေး ဆိုင်ရာ ထပ်တိုး စိုးရိမ်ဖွယ်ရာ အချက် ဖြစ်လာပြီး အရပ်သား သေကြေ ဒဏ်ရာရမှုများ အတွက် လက်နက်ကိုင် အစုအဖွဲ့ အားလုံးတွင် တာဝန်ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက ဆွေးနွေးခဲ့သည်။ ဖြစ်စဉ်တစ်ခုအရ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဘူးသီးတောင် မြို့နယ်၊ တပ်မင်းချောင်း ကျေးရွာ၌ အသက် ၂၅ နှစ် အရွယ် အမျိုးသား တစ်ဦးသည် မြေမြှုပ်မိုင်း နင်းမိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ နောက်ဖြစ်စဉ် တစ်ခု၌ ဘူးသီးတောင် မြို့နယ်၊ တိတ်တူးပေါက် ကျေးရွာတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၀ ရက်နေ့က ရိုဟင်ဂျာ အမျိုးသား တစ်ဦးသည် တောထဲ၌ ထင်းရှာထွက်ချိန် ပေါက်ကွဲမှုကြောင့် ပြင်းထန်စွာ ဒဏ်ရာ ရခဲ့သည်။ မြေမြှုပ်မိုင်းများသည် ရုပ်ပိုင်း ဆိုင်ရာ အကျိုးဆက်များ အပြင် လယ်ယာ စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ လုပ်ငန်းများကိုပါ လွန်စွာ ထိခိုက်စေပြီး ဒေသတွင်း စားနပ်ရိက္ခာ ထုတ်လုပ်မှုကို လျော့နည်းစေခြင်းနှင့် စားနပ်ရိက္ခာ မလုံခြုံမှုလည်း တိုးလာစေသည်ဟု များစွာသော အင်တာဗျူး ဖြေဆိုသူများက အလေးပေး ပြောကြားခဲ့သည်။

၃၈။ ရိုဟင်ဂျာများသည် ကြီးစွာသော စိုးရိမ်ပူပန်မှုနှင့် ရှင်သန်ရန် မဖြစ်နိုင်သော အခြေအနေများကြောင့် ကုန်းကြောင်း၊ ရေကြောင်းမှ ထွက်ပြေးရန် ကြိုးပမ်းလာကြသည်။ ကုန်းကြောင်းမှ ထွက်ပြေးသော ရိုဟင်ဂျာများသည် မြေမြုပ်မိုင်းများ၊ အထောက်အထား စာရွက်စာတမ်း မရှိခြင်းကြောင့် ဖမ်းဆီး အရေးယူ ခံရနိုင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုနှင့် စစ်သားသစ် စုဆောင်းခံရနိုင်သည့် အန္တရာယ် စသည့် အခက်အခဲ များစွာအား ကြုံတွေ့ခဲ့ရသည်။ ဆိုးရွားလှသော်လည်း သီးခြား မဟုတ်သည့် ဖြစ်စဉ်တစ်ခု အရ ကိုယ်ဝန် လရင့်နေသော ဒုက္ခသည် ရိုဟင်ဂျာ အမျိုးသမီး တစ်ဦးသည် ကျန်းမာရေး စောင့်ရှောက်မှု ရရန် ခရီးသွားလာလိုခဲ့သော်လည်း ခရီးသွားခွင့်ပြုချက် ခိုင်လုံစွာ မရှိ ဟူသော အကြောင်းပြချက်ဖြင့် ဖေဖဝါရီလ အတွင်း မြန်မာ စစ်တပ် စစ်ဆေးရေး ဂိတ်များက သူမအား နှစ်ကြိမ်တိုင် တားဆီးခဲ့ကာ နေအိမ် ပြန်ပို့ခဲ့ကြောင်း ရင်းမြစ်များစွာက ပြောပြခဲ့သည်။ သူမသည် နောက်တစ်နေ့ နံနက်ပိုင်းတွင် သူမ၏ ကိုယ်ဝန် အရင့်အမာ ရင်သွေးနှင့် အတူ ဆုံးပါးခဲ့သည်။ အလားတူပင် ၂၀၂၃ ခုနှစ်၊ မေလတွင် တိုက်ခိုက်ခဲ့သော မိုခါ မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရိုဟင်ဂျာများ၏ လက်ရှိ နေထိုင်မှု အခြေအနေမှာ သွားလာမှု ကန့်သတ်ခံရခြင်း၊ သင့်လျော်သော အမိုးအကာနှင့် မနေထိုင်ရခြင်းနှင့် ဆေးဝါး စောင့်ရှောက်မှု မရခြင်းတို့ဖြင့် ပို၍ ဆိုးရွားလာခဲ့ကာ မုန်တိုင်း အတွင်း ကျန်းမာရေး စောင့်ရှောက်ရာ နေရာ ၁,၀၀၀ ကျော် ပျက်စီးမှု ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ် အတွင်း တကျော့ပြန် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားချိန်၌ ဆိုးရွားသော အခြေအနေတွင် နေထိုင်ကြရသော နေရပ်စွန့်ခွာ ရိုဟင်ဂျာများသည် လက်နက်ကိုင် ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ပို၍ ထိရှလွယ်သော အခြေအနေအား ရင်ဆိုင်လာရပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ၊ ၃ ရက်နေ့တွင် စစ်တပ်က မောင်တော ပြည်သူ့ ဆေးရုံကြီးအား ပိတ်ခဲ့ခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှု ကောင်းစွာ မရသည့် ပြည်သူလူထုအပေါ် ပို၍ အတိဒုက္ခ ရောက်စေခဲ့သည်။ ရိုဟင်ဂျာများသည် ကျန်းမာရေး စောင့်ရှောက်မှု အတွက် အခြား နေရာသို့ သွားလာခွင့် မရသောကြောင့် ၎င်းတို့သည် အသက် အန္တရာယ် ရှိသော အခြေအနေတွင် အစဉ်တစိုက် ရှိနေပါသည်။

၃၉။ ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါ မုန်တိုင်း ကျရောက်သည့် ကာလ အတွင်း ပျက်စီးခဲ့သော ရခိုင် ပြည်နယ်၊ အလယ်ပိုင်းရှိ စစ်ရှောင်စခန်းများမှာ ပြန်လည် တည်ဆောက်နိုင်ခြင်း မရှိသေးပေ။ တကျော့ပြန် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားချိန်မှ စ၍ သွားလာမှုများ ကန့်သတ်ခြင်းနှင့် ကုန်ပစ္စည်း ဈေးနှုန်း မြင့်တက်ခြင်းတို့ကြောင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ လျော့နည်းသွားပြီး စားနပ်ရိက္ခာ ရရှိနိုင်မှုနှင့် လက်လှမ်းမီမှု အပေါ် စိုးရိမ်မှုများစွာ မြင့်တက်နေပါသည်။ လက်နက်ကိုင် ပဋိပက္ခကြောင့် ကားလမ်းနှင့် ရေလမ်းကြောင်းများ ပိတ်ဆို့မှုသည် ရင်ဆိုင်ရသည့် အခြေအနေမှာ ပိုမို ဆိုးရွားစေလာသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် စစ်တွေ ဒေသတွင် ငတ်မွတ်ခေါင်းပါးမှုကြောင့် သေဆုံးမှုများ ရှိကြောင်းကို ခိုင်လုံသော သတင်းရင်းမြစ်များမှ သိရပါသည်။ မြန်မာ စစ်တပ်က စခန်း ပိတ်သိမ်းကြောင်း ကြေညာခဲ့သည့် ကျောက်တစ်လုံး စစ်ရှောင်စခန်းနှင့် အခြား စစ်ရှောင် စခန်းများရှိ စစ်ဘေးရှောင်များ အတွက် လမ်းဖောက်ပေးခြင်း၊ အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် လျှပ်စစ်မီး ပေးခြင်း ကဲ့သို့ ပြန်လည် နေရာချထားရေး ဆိုင်ရာ ကတိကဝတ်များအား ဖြည့်ဆည်းပေးခြင်း မရှိသဖြင့် ၎င်းတို့သည် အလွန် ဆိုးရွားသည့် အခြေအနေအောက်၌ နေထိုင်ကြရပါသည်။ နိုဝင်ဘာလ၊ ၁၃ ရက် နောက်ပိုင်းတွင် စစ်ရှောင် စခန်းများ အတွင်း အိမ်တွင်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် ခြိမ်းခြောက်ငွေညှစ်မှုများ သိသိသာသာ တိုးလာကြောင်း အင်တာဗျူး ဖြေဆိုသူ အများအပြားက ဆိုကြသည်။ အလုပ် ကိစ္စ သို့မဟုတ် ကျန်းမာရေးနှင့် ဆက်စပ်သည့် အရေးပေါ် ကိစ္စရပ်များတွင် စခန်းမှ ခရီးသွားလာခွင့် ထောက်ခံစာ ထုတ်ပေးရန် အတွက် စစ်ရှောင်များ အပေါ် စခန်း မန်နေဂျာများက ငွေညှစ်တောင်းခံမှုများ ရှိသည် ဟူသော စွပ်စွဲချက်များကိုလည်း ကြားသိရလေ့ရှိသည်။

၄၀။ အဆုံးသတ်၌ ၎င်းဒေသမှ ထွက်ခွာရန် ဆုံးဖြတ်သူများမှာလည်း စိန်ခေါ်မှု အခက်အခဲများကို ရင်ဆိုင်ကြရသည်။ ၂၀၂၃ ခုနှစ်၊ ကုလသမဂ္ဂ၏ အချက်အလက်များ အရ ရိုဟင်ဂျာ ၆,၅၀၀ ခန့်သည် ကုန်းလမ်းနှင့် ပင်လယ်ပြင်မှတဆင့် ၎င်းတို့၏ ဒေသမှ ထွက်ခွာလာကြပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ လှေဖြင့် ထွက်ခွာလာသူ ၄,၄၉၁ ဦးအနက် ၅၆၉ ဦးသည် သေဆုံးမှု သို့မဟုတ် ပျောက်ဆုံးမှု ရှိကြောင်း သိရသည်။[20] ထိုသို့ သေကြေပျောက်ဆုံးသူများ အနက် ထက်ဝက်နီးပါးမှာ ကလေးများ ဖြစ်ကြသည်။ အဆိုပါ ကိန်းဂဏန်းများ အရ ရေကြောင်းမှ နေရပ်စွန့်ခွာမှုမှာ ၂၁ ရာခိုင်နှုန်း တိုးလာပြီး သေဆုံးမှုနှင့် ပျောက်ဆုံးမှု

[20] https://www.unhcr.org/news/briefing-notes/unhcr-urgent-action-needed-address-dramatic-rise-rohingya-deaths-sea.

ရာခိုင်နှုန်းမှာ ၆၃ ရာခိုင်နှုန်း တိုးလာကြောင်း တွေ့ရပါသည်။ ၎င်းအား အတည်ပြုသည့် အချက်မှာ မတ်လတွင် ရိုဟင်ဂျာဦးရေ ၁၄၀ ကျော် ပါသော လှေတစ်စင်းသည် အင်ဒိုနီးရှား နိုင်ငံ၊ အာချေး ကမ်းရိုးတန်းတွင် တိမ်းမှောက်ခဲ့ရာ ကလေး ၂၇ ဦး အပါအဝင် လူပေါင်း ၆၇ ဦး အသက် ဆုံးရှုံးခဲ့သည်။ ထိုသို့ နေရပ်စွန့်ခွာသူမှ အများအပြားသည် အန္တရာယ်များလှသည့် ဤခရီးလမ်းကို ရွေးချယ်ခဲ့သော်လည်း အချို့မှာ စဉ်းလဲသော လူကုန်ကူးသူများ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကို ခံစားကြရသည်။ လူကုန်ကူးသူများက အောက်တိုဘာလ အတွင်း ယောကျ်ားလေး တစ်ဦးကို ပြန်ပေးဆွဲခဲ့ကာ အမေရိကန် ဒေါ်လာ ၄,၀၀၀ ဖြင့် ပြန်ရွေးရန် တောင်းခံခဲ့ကြောင်း ကော့ဘဇား ဒုက္ခသည် စခန်းမှ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါ ပြန်ရွေးငွေကို လွှဲပေးခဲ့သော်လည်း ၎င်းယောကျ်ားလေးမှာ မလေးရှား နိုင်ငံသို့ ပို့ဆောင်ခံခဲ့ရကာ ဆွေမျိုးများနှင့် အဆက်အသွယ် ပြန်မရမီ နှစ်လကြာ ပျောက်ဆုံးသွားခဲ့သည်။

၄၁။ အဆိုပါ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မတရား ခေါင်းပုံဖြတ်မှုများအရ မြန်မာ နိုင်ငံသို့ ဒုက္ခသည်များ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ရေးမှာ လက်ရှိ အချိန်တွင် မဖြစ်နိုင်သေးကြောင်း ရှင်းလင်းစွာ မြင်နိုင်ပါသည်။ လူမျိုးစုများ အကြား လူမျိုးရေး တင်းမာမှုကို လှုံ့ဆော်သည့် မြန်မာ စစ်တပ်၏ လတ်တလော ကြိုးပမ်းဆောင်ရွက်ချက်များသည် မလုံခြုံသည့် အခြေအနေအား ပိုမို ဆိုးရွားစေပါသည်။ မတ်လ နှောင်းပိုင်း၌ မြန်မာ စစ်တပ်သည် လူမျိုးရေး တင်းမာမှုဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်မှု မရှိစေရန် ရည်ရွယ်၍ ဘူးသီးတောင်၊ မောင်းတောနှင့် စစ်တွေ မြို့နယ်ရှိ ရိုဟင်ဂျာများအား အာရက္ခ တပ်တော်ကို ဆန့်ကျင်ဆန္ဒပြရန် အကြပ်ကိုင် ခြိမ်းခြောက်၍ လှုံ့ဆော်ခဲ့ပါသည်။ ဆန္ဒပြရန် ၎င်းတို့ လှုံ့ဆော်သည့် အတိုင်း မဆောင်ရွက်ပါက ၂၀၁၇ ခုနှစ်က အကြမ်းဖက်မှုမျိုးကို ပြန်လည် ဖော်ဆောင်မည်ဟု မြန်မာ စစ်တပ်က ခြိမ်းခြောက်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောကြားခဲ့သည်။ ထို့ကြောင့် ရိုဟင်ဂျာလူထု အကြား အဆိုပါ အကြမ်းဖက်မှုများ တဖန် ပြန်လည် ဖြစ်ပွားမည်ကို စိုးရိမ်သည့် အကြောက်တရားများ ကြီးစိုးခဲ့သည်။ ၎င်းပြစ်မှုများမှာ အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်သည့် ကြားဖြတ် အစီအမံများကို[21] ချိုးဖောက်ခြင်းဟု သတ်မှတ်ကောင်း သတ်မှတ်နိုင်သလို လူမျိုးသုဉ်း သတ်ဖြတ်မှု ကျူးလွန်ရန် ရည်ရွယ်ချက် ရှိကြောင်း[22] အထောက်အထား ပြနိုင်သည်ဟု နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်က သတ်မှတ်ခဲ့သည့် အစိတ်အပိုင်း အားလုံးနှင့် ဆက်စပ်ကောင်း ဆက်စပ်နိုင်သည်ဟု ယူဆနိုင်ပါသည်။

## ၅။ တာဝန်ခံမှု

၄၂။ မြန်မာနိုင်ငံ အခင်းအကျင်း၌ တာဝန်ခံမှုရှိရေး အတွက် စဉ်ဆက်မပြတ် အာရုံစိုက် ကြိုးပမ်းမှုများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ကြိုဆိုပါသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ အမှုတွဲ စပ်လျဉ်း၍ ဂမ်ဘီယာ နိုင်ငံမှ မြန်မာ နိုင်ငံကို တရားစွဲသည့် အမှုတွဲ၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ မော်လ်ဒိုက်၊ နယ်သာလန်နှင့် ဗြိတိန် နိုင်ငံတို့သည် ကြားဖြတ် ပါဝင်လာကြသည်။[23] တရားရုံး၏ ရုံးချိန်း သတ်မှတ်ချက် အရ တင်သွင်းရန် ကျန်ရှိသည့် စာဖြင့် ရေးသား လျှောက်ထားချက်များကို ၂၀၂၄ ခုနှစ်၊ မေလနှင့် ဒီဇင်ဘာလ အတွင်း အမှုရင်ဆိုင်သည့် နှစ်ဖက် နိုင်ငံမှ လျှောက်လဲတင်ပြရမည် ဖြစ်သည်။[24] အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံးနှင့် ဆက်စပ်၍ ဆိုရလျှင် ၎င်းတရားရုံး၏ စီရင်ပိုင်ခွင့် အတွင်း ကျရောက်သည့် ရိုဟင်ဂျာ အရေး စွပ်စွဲထားသော ရာဇဝတ်မှုများ အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံး ရှေ့နေက စုံစမ်းစစ်ဆေးမှုများအား ဆက်လက် ဆောင်ရွက်လျက် ရှိသည်။

၄၃။ လူ့အခွင့်အရေး လှုပ်ရှားသူနှင့် ရှေ့နေများသည် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးသော နိုင်ငံများ၌ မြန်မာ စစ်တပ် အရာရှိအချို့ကို ရာဇဝတ်မှု ဆိုင်ရာ အမှုတွဲများဖြင့် တရားစွဲနိုင်ရန် ဆက်လက် ကြိုးပမ်းနေပါသည်။ ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများနှင့်

---

[21] https://www.icj-cij.org/sites/default/files/case-related/178/178-20200123-ORD-01-00-EN.pdf.

[22] လူမျိုးသုဉ်း သတ်ဖြတ်ရန် ရည်ရွယ်ချက် ရှိမှု အပေါ် ကောက်ချက်ချနိုင်သည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံသုံးသပ်ချက်နိုင်ရန် အတွက် A/HRC/39/64, အပိုဒ် ၁၃၈၈ – ၁၄၄၁ တို့အား လေ့လာကြည့်ပါ။ ကိုးကား - https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/A_HRC_39_64.docx

[23] https://www.icj-cij.org/sites/၁၁default/files/case-related/178/178-20231116-pre-01-00-en.pdf.

[24] https://www.icj-cij.org/sites/default/files/case-related/178/178-20231016-ord-01-00-en.pdf.

ဆက်စပ်၍ အာဂျင်တီးနား နိုင်ငံတွင် တရားစွဲသည့် အမှုတွဲကိုလည်း လက်ရှိအချိန်၌ စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်။

၄၄။ မတ်လ၌ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား အဖွဲ့သည် အစီရင်ခံစာ နှစ်စောင်အား ထုတ်ပြန်ခဲ့ပြီး ပထမ အစီရင်ခံစာမှာ ၂၀၁၇ ခုနှစ်တွင် Facebook လူမှုကွန်ရက်မှ တဆင့် ရိုဟင်ဂျာများ အပေါ် ဦးတည်၍ မြန်မာ စစ်တပ်က အမုန်းစကားများအား စနစ်တကျ လျှို့ဝှက် ဖြန့်ဝေခဲ့ပုံ အကြောင်း ဖြစ်ပြီး[25] ဒုတိယ အစီရင်ခံစာမှာ ရိုဟင်ဂျာများ အပေါ် လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့သော လိင်ပိုင်းနှင့် ဂျန်ဒါ အခြေပြု ရာဇဝတ်မှုများအား အစိုးရပိုင်းမှ တုံ့ပြန်ချက်များ အကြောင်း ဖြစ်သည်။[26]

## ၆။ ဒေသန္တရ အုပ်ချုပ်ရေး ဖွဲ့စည်းပုံများ ပေါ်ထွန်းလာခြင်း

၄၅။ လက်ရှိနှင့် ယခင် ထုတ်ပြန်သည့် အစီရင်ခံစာများ၌ မှတ်တမ်းပြုစုထားသော ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် ရှိနေသော်လည်း စစ်တပ် ထိန်းချုပ်မှု အောက်တွင် မရှိတော့သည့် ဒေသ အများအပြား၌ အလားအလာ ကောင်းသော အနာဂတ် ဖြေရှင်းချက် အချို့ ပေါ်ထွန်းလာသည်။ မြန်မာ စစ်တပ်၏ အုပ်ချုပ်မှု အောက်၌ မြန်မာနိုင်ငံ အဝှမ်းရှိ လူ့အခွင့်အရေး အခြေအနေသည် အလွန် ဆိုးရွားလှသည့် အဆင့်သို့ ဆက်တိုက် ကျဆင်းယိုယွင်းလာသည်။ မြန်မာ စစ်တပ်သည် လွန်ခဲ့သည့် အတိတ်အချိန်ကတည်းက နိုင်ငံ့ ဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေ စံနှုန်းများအား ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် လေးစားလိုက်နာခြင်း လုံးဝမရှိကြောင်း ကာလကြာရှည်စွာ စစ်တမ်းပြုစုထားသော မှတ်တမ်းများ အရ သိရှိရသဖြင့် မြန်မာ စစ်တပ်သည် လူ့အခွင့်အရေး တိုးတက်မှု တစ်စုံတစ်ရာ ရှိရေး အတွက် ကြိုးပမ်းပုံ မပေါ်ချေ။ ထို့ကြောင့် လူသား အပေါင်း၏ အခွင့်အရေးကို လေးစားလိုက်နာမှု အားကောင်းစေသည့် အခြား အုပ်ချုပ်မှု ပုံစံများအား စူးစမ်းလေ့လာရန် အရေးကြီးလှပါသည်။ နိုင်ငံ၏ နေရာဒေသ အသီးသီး အပေါ် ထိန်းချုပ်မှု ပြောင်းလဲစေသော လက်နက်ကိုင် ပဋိပက္ခ အသွင်သဏ္ဌာန် အပြောင်းအလဲများသည် အာဏာ သိမ်းမှု မတိုင်မီ တည်ရှိခဲ့သော အုပ်ချုပ်ရေး ပုံစံများနှင့် အာဏာသိမ်းပြီး နောက်ပိုင်း ပေါ်ပေါက်လာသော ဒေသန္တရ အုပ်ချုပ်ရေး ပုံစံများအား မီးမောင်းထိုး ဖော်ပြနေပါသည်။ အဆိုပါ အတွေ့အကြုံများသည် အဓိက စီမံအုပ်ချုပ်ရေး ပုံစံ သုံးရပ်ကို ဖန်တီးပေးပါသည်။ ပထမ ပုံစံမှာ အရပ်ဘက် လူမှု အဖွဲ့အစည်းနှင့် အာဏာဖီဆန်ရေး လှုပ်ရှားသူများ ပူးပေါင်း ပါဝင်သည့် ဒေသန္တရ အုပ်ချုပ်ရေး စနစ်များ၊ ဒုတိယ ပုံစံမှာ ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြု ကော်မတီဝင်များက ဖွဲ့စည်းထားပြီး ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သည့် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် တတိယ ပုံစံမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အုပ်ချုပ်ရေး စနစ်တို့ ဖြစ်ကြသည်။ ဖော်ပြပါ အုပ်ချုပ်ရေး စနစ်များသည် တရားစီရင်ရေးနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များကို အတိုင်းအတာ တစ်ရပ် အထိ ဖော်ဆောင်နေချိန်တွင် အသက်ကယ်ဆယ်ရေးနှင့် အခြား မရှိမဖြစ် အရေးပါသော ဝန်ဆောင်မှုများ ပေးခြင်းဖြင့် အရပ်သားများကို ပံ့ပိုး ကူညီနေပါသည်။ မြန်မာ စစ်တပ်က သွေးထိုးလှုံ့ဆော်နေသည့် လူမျိုးရေးနှင့် ဘာသာရေး အခြေခံသည့် ခွဲခြားဆက်ဆံမှုများကို ဆယ်စုနှစ်များစွာ ရင်ဆိုင်ခဲ့ပြီးနောက် ၎င်းလူမှု အဖွဲ့အစည်း အတွင်း စိတ်ဝမ်းကွဲမှုများ ရှိနေသော်လည်း မြန်မာ ပြည်သူလူထုသည် စစ်တပ်၏ ဝင်ရောက် စွက်ဖက်မှု ကင်းသော အနာဂတ် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်သစ် တစ်ရပ် ပေါ်ထွန်းလာရေး ဟူသည့် ဘုံမျှော်မှန်းချက်၌ ပိုမို စုစည်းလာပုံရပါသည်။ ဤကနဦး အုပ်ချုပ်ရေး ပုံစံများသည် အရပ်သားလူထု အပေါ် အခြေခံပြီး ဒီမိုကရေစီ နည်းကျသော ဖြေရှင်းနည်း အဖြစ် မျှော်လင့်ချက် ပေးသည် ဖြစ်ရာ ၎င်းစနစ်များအား သုတေသနပြု လေ့လာရန်၊ အများ သိမြင်စေရန်နှင့် ပံ့ပိုးရန် လိုအပ်လှပါသည်။

၄၆။ ကယားပြည်နယ်၌ လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ပြည်သူ လူထု၏ အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အားပေးမြှင့်တင်ရန် ရည်ရွယ်၍ အလုံးစုံ ပါဝင်ခွင့်ရှိသော စီမံအုပ်ချုပ်ရေး စနစ် တစ်ရပ်ကို ဖော်ဆောင်ရေး အတွက် အရပ်ဘက် လူမှု အဖွဲ့ ခေါင်းဆောင်များက စုပေါင်း ဆောင်ရွက်နိုင်ခဲ့သည်ကို ဥပမာ အဖြစ် ရှုမြင်နိုင်ပါသည်။ ကနဦး၌ အရပ်ဘက် လူမှု အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ လူငယ်နှင့် အမျိုးသမီး ဦးဆောင်သော အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကျွမ်းကျင်

[25] https://iimm.un.org/wp-content/uploads/2024/03/Hate-Speech-Report_EN.pdf.

[26] https://iimm.un.org/publication-of-iimm-analytical-reports/.

ပညာရှင်များနှင့် ကယား ပြည်နယ် အတွင်း ခိုလှုံကြသော တက်ကြွလှုပ်ရှားသူများသည် ကရင်နီပြည် အကြံပေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့သည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်းခဲ့ပြီး ၎င်းကောင်စီကို အသွင် ကူးပြောင်းရေး ကာလ၏ ဦးဆောင် အစိုးရထံ အာဏာ လွှဲပြောင်း ပေးအပ်ရန်နှင့် အခြေအနေ တည်ငြိမ်သည်နှင့် တပြိုင်နက် ပြည်သူ့ ကိုယ်စားလှယ်များ ရွေးကောက်နိုင်ရန် ရည်ရွယ်သည့် ယန္တရား တစ်ခု အဖြစ် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေး ကောင်စီသည် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန် ပြင်ဆင်ထားသည်။ ၎င်းအဖွဲ့သည် ကယား လူ့အဖွဲ့အစည်း၏ ကွဲပြား စုံလင်သော အစိတ်အပိုင်းများကို ကိုယ်စားပြုသည့် ဒေသန္တရ မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက် ခံထားရသော အဖွဲ့ဝင် ခုနှစ်ဦးလည်း ပါဝင်သည်။ လက်ရှိ အချိန်အထိ ကျန်းမာရေး၊ ပညာရေး၊ လူသားချင်း စာနာထောက်ထားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ် ရေးရာ၊ တရားစီရင်ရေး၊ ပြည်ထဲရေးနှင့် ကုန်သွယ်ရေး အပါအဝင် ဦးစီးဌာန ရှစ်ခုကို ဖွဲ့စည်းထူထောင်ခဲ့ပြီး ၎င်းဌာနများ၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံအား တိုးချဲ့ရန် စီစဉ်နေပါသည်။ ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ဝင်များကိုလည်း ရေရှည် လုံခြုံရေး တာဝန်ယူမည့် ရှုထောင့်ဖြင့် ချဉ်းကပ်နိုင်ရန် ထည့်သွင်းထားပါသည်။ ရန်ပုံငွေ ရှာဖွေခြင်းနှင့် ရေရှည်တည်တံ့ရေး ဆိုင်ရာ စနစ်ယန္တရားများကိုလည်း ဘဏ္ဍာရေး ထိန်းချုပ်မှု စနစ်ယန္တရားများနှင့် အတူ ရေးဆွဲလျက် ရှိသည်။ ၎င်းသည် စတင် ဖွဲ့စည်းသည့် အဆင့်တွင် ရှိသော်ငြားလည်း ဒေသန္တရ အုပ်ချုပ်ရေး၌ လူထု တိုက်ရိုက် ပါဝင်နိုင်မည့် ချဉ်းကပ်မှု ပုံစံသစ် အဖြစ် စီစဉ်ပေးပါသည်။ လက်ရှိ အချိန်၌ပင် မြန်မာ စစ်တပ်၏ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသည့် ထောင်ပေါင်းများစွာသော အရပ်သား လူထုကို လက်တွေ့ အကူအညီများ ပေးရာ၌ ကရင်နီ အဖွဲ့အစည်း၏ အောင်မြင်မှုအား မြင်တွေ့ရပါသည်။

၄၇။ ကရင်ပြည်နယ်၊ သံလွင် ငြိမ်းချမ်းရေး ဥယျာဉ်ကိုလည်း အလားတူ အပြုသဘော ဆောင်သည့် ဖြစ်ရပ် အဖြစ် မြင်တွေ့ခဲ့ရသည်။ ၎င်းဥယျာဉ်အား အာဏာ မသိမ်းမီက တည်ဆောက်ထားခြင်း ဖြစ်ပြီး စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက ၎င်းဒေသအား အပြည့်အဝ ထိန်းချုပ် သိမ်းပိုက်ပြီးနောက် ၎င်းဥယျာဉ်သည် ကျော်ကြားလာပါသည်။ ၎င်း၏ အဓိက ရည်မှန်းချက်မှာ ဒေသခံ အသိုက်အဝန်းများ၏ စွမ်းဆောင်ရည် တိုးတက်စေခြင်း၊ လူ့အခွင့်အရေး အားပေးမြှင့်တင်ခြင်းနှင့် ဒေသန္တရ အလိုက် မြေယာနှင့် အခြား အရင်းအမြစ်များအား စီမံခန့်ခွဲခြင်းတို့ ဖြစ်ပါသည်။ ၎င်းစနစ်သည် လူထု ကိုယ်စားလှယ်များ၊ ရပ်ရွာ လူထု အခြေပြု အဖွဲ့အစည်းများနှင့် ကရင် အမျိုးသား အစည်းအရုံးတို့ အတူတကွ ပူးပေါင်း ဆောင်ရွက်သည့် အထွေထွေ ညီလာခံ တစ်ရပ်နှင့် အုပ်ချုပ်ရေး ကော်မတီ တစ်ရပ် ပေါင်းစပ်ပါဝင်သည့် ဆန်းသစ်သော စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံ တစ်ရပ် ပေါ်ပေါက်လာရေး မူအပေါ် အခြေခံပါသည်။ ကျေးရွာ အုပ်စု ၂၆ စုမှ ရပ်ရွာ အခြေပြု ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပြီး ကျေးရွာ တစ်ရွာစီသည် အမျိုးသမီး တစ်ဦးနှင့် အမျိုးသား တစ်ဦးကို ရွေးချယ်ခန့်အပ်ရပါမည်။ အုပ်ချုပ်ရေး ကောင်စီ၏ အဖွဲ့ဝင် ငါးဦးမှ အဖွဲ့ဝင် နှစ်ဦးမှာ အမျိုးသမီးများ အဖြစ် တာဝန်ယူသည် သာမက ရပ်ရွာ အခြေပြု သစ်တော ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဓလေ့ထုံးတမ်း အစဉ်အလာ အလိုက် မြေယာ ထိန်းသိမ်းခြင်း အပါအဝင် အုပ်ချုပ်မှု အဆင့် အားလုံးတွင် အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်ရန် အဖွဲ့တည်ထောင်သည့် ပဋိညာဉ် စာတမ်းဖြင့် အာမခံထားသည်။

၄၈။ အမျိုးသား ညီညွတ်ရေး အစိုးရ လက်ထက်တွင် အဓိကအားဖြင့် နိုင်ငံ၏ အလယ်ပိုင်း ဒေသရှိ မြို့နယ် ၁၇၃ ခု၌ ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့များက ဦးစီးသော စီမံအုပ်ချုပ်မှုများသည် ဝန်ဆောင်မှု အမျိုးမျိုး ပေးရင်း ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ ပြန်လည် သွားနိုင်ရန် ပြင်ဆင် ကြိုးပမ်းနေပါသည်။ လက်ရှိအခြေအနေ၌ ၎င်းတို့၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် နေ့စဉ် အုပ်ချုပ်ရေး ယန္တရား လည်ပတ်နိုင်ရေး အတွက် လူ့အခွင့်အရေး ဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန ၁၇ ခုကို ဖွဲ့စည်းထားပါသည်။ ထို့အပြင် သိမ်းပိုက်ရရှိသော မြို့များမှ ရရှိသည့် ငွေကြေး အရင်းအမြစ်များအား စီမံခန့်ခွဲနေသည့် ကြားကာလ ဗဟိုဘဏ်သည် ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန်နှင့် ဘဏ်နှင့် ဘဏ္ဍာရေး နယ်ပယ်များတွင် မြန်မာ စစ်တပ်က ဖန်တီးသည့် အတားအဆီးများအား ကျော်လွှားနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ပထမဆုံး ဒစ်ဂျစ်တယ် ဘဏ်အဖြစ် စီမံလည်ပတ်နေပါသည်။ မြန်မာ စစ်တပ်၏ ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများအား အစားထိုးနိုင်ရန်နှင့် အကျပ်အတည်း ကာလ ပြီးဆုံးသွားသည်နှင့် တပြိုင်နက် အရေးကြီးသော ဝန်ဆောင်မှုများ ပေးနိုင်ရန် အလို့ငှာ မြန်မာ စစ်တပ် ထိန်းချုပ်ရာ နေရာအချို့တွင် မြေအောက် ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့များက ကြိုးပမ်း ဆောင်ရွက်နေပါသည်။ ၎င်းတို့သည် မြောက်များလှသော စိန်ခေါ်မှုများကြားမှ ကျောင်းသူ ကျောင်းသား ၇၂၇,၈၆၀ ဦးအား ပညာ သင်ကြားနိုင်ရန် အခြေခံ ပညာရေး စာသင်ကျောင်း ၅,၉၄၉ ကျောင်းကို တည်ထောင်ပေးခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ၎င်း၏ ဝန်ထမ်း သုံးပုံ တစ်ပုံ နီးပါးမှာ အာဏာ ဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သူများဖြင့်

ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ကျန်းမာရေး ကဏ္ဍတွင် ၎င်းတို့သည် ဆေးရုံ ၇၇ ရုံ၊ ဆေးခန်း ၁၇၇ ခန်းနှင့် ရွေ့လျား ဆေးခန်း ၂၅၀ ကျော်ဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ အပါအဝင် လူပေါင်း ၇၀၀,၀၀၀ ကျော်အား ကျန်းမာရေး ဝန်ဆောင်မှု ပေးနေပါသည်။

၄၉။ အမျိုးသား ညီညွတ်ရေး အစိုးရသည် ၁၉၈၂ နိုင်ငံသား ဥပဒေအား ပြင်ဆင်၊အစားထိုးရန်နှင့် လူနည်းစု အသိုက်အဝန်းများ၊ အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် ထိခိုက်နစ်နာစေသည့် စနစ်တကျ စီစဉ်ထားသော ခွဲခြားဆက်ဆံမှု ပုံစံများအား ကိုင်တွယ်ဖြေရှင်းမည့် ကတိကဝတ်များကိုလည်း လူသိရှင်ကြား ထုတ်ပြန် ကြေညာခဲ့ပါသည်။ အပြုသဘော ဆောင်သော ခြေလှမ်းအနေဖြင့် ရိုဟင်ဂျာ အရေး လှုပ်ရှားသူ တစ်ဦးကို လူ့အခွင့်အရေး ဝန်ကြီးဌာန၏ ဒုဝန်ကြီး အဖြစ် ခန့်အပ်ခဲ့ပါသည်။ အလားတူပင် မြန်မာနိုင်ငံ အနေဖြင့် လက်မှတ် မထိုးရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူ စာချုပ် အားလုံးကို အမျိုးသား ညီညွတ်ရေး အစိုးရက လက်မှတ်ထိုး အတည်ပြုမည် ဖြစ်ကြောင်း ဂျနီဗာ အစည်းအဝေးတွင် လူသိရှင်ကြား ကတိကဝတ်ပြု ကြေညာခဲ့ပါသည်။ အဆိုပါ ကတိကဝတ်များသည် တိုင်းပြည်၏ အနာဂတ် လမ်းကြောင်းကို အပြောင်းအလဲ ဖြစ်စေနိုင်မည့် အဓိက ခြေလှမ်းများ ဖြစ်ပြီး အကြမ်းဖက်မှု၏ ပြဿနာ ဇစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းခြင်း၊ လူမျိုးစု အသိုက်အဝန်းများ အကြား ပြန်လည် ကြေအေး သင့်မြတ်မှုနှင့် အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု ရရှိရေး အတွက် ကနဦး ခြေလှမ်းများ အဖြစ်သို့ ဦးတည်စေနိုင်ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လတွင် အမျိုးသား ညီညွတ်ရေး အစိုးရသည် အရပ်သားများ ထိခိုက်သေကြေမှု မရှိစေရန်နှင့် ကလေးသူငယ်များကို တပ်သား အဖြစ် စုဆောင်းခြင်း မပြုရန် ရည်ရွယ်၍ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ လိုက်နာရမည့် နီတိကျင့်ဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ပြင်ဆင်ထုတ်ပြန်ခဲ့သည်။ ၎င်းလုပ်ထုံးလုပ်နည်းပါ အချက်များကို ဖြန့်ဝေခြင်း၊ သင်ကြားပို့ချခြင်းနှင့် လိုက်နာ ဆောင်ရွက်ခြင်းသည် အထူး အာရုံစိုက်မှုနှင့် ပံ့ပိုးမှု ပေးရန် မရှိမဖြစ် လိုအပ်လာမည့် အဓိက လုပ်ငန်းတစ်ရပ် ဖြစ်လာပါလိမ့်မည်။

၅၀။ အရပ်ဘက် လူမှု အဖွဲ့များနှင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့တို့ ဦးဆောင်သော လူထု လှုပ်ရှားမှုသည် အာဏာသိမ်းမှု မတိုင်မီ ကတည်းက ရှည်လျားသော သမိုင်းကြောင်း ရှိခဲ့ကာ လက်ရှိ၌ မြန်မာ စစ်တပ်၏ စစ်ရေး ရှုံးနိမ့်မှုများနှင့် အတူ တော်လှန်ရေး အင်အားစုများသည် ပိုမို အားကောင်းလာပါသည်။ ရှမ်းပြည်နယ်တွင် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်ကလည်း မြို့နယ် အမြောက်အများကို သိမ်းဆည်းခဲ့ကာ လူသားချင်း စာနာမှု အထောက်အပံ့ ပေးသည့် လုပ်ငန်းအား စတင် ဆောင်ရွက်လာပါသည်။ ၎င်းတို့သည် ဆေးရုံ ၇ ခု တည်ထောင်ခဲ့ပြီး ၎င်းအား ဒေသခံ ဆရာဝန်များနှင့် အာဏာဖီဆန်ရေး လှုပ်ရှားမှုမှ ဆရာဝန်များ ပူးပေါင်းစီမံကာ ဧပြီလ အတွင်း၌လည်း ဆေးရုံ သုံးလုံး ထပ်မံ ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ ဆေးရုံများ စတင် လည်ပတ်သည့် ကနဦး ရက်သတ္တပတ် အတွင်း နမ့်ခမ်း မြို့နယ်မှ ဆရာဝန်များသည် လူနာပေါင်း ၂,၀၀၀ ကျော်ကို ကုသပေးခဲ့ရာ ဒေသခံ ပြည်သူများ အနေဖြင့် ကျန်းမာရေး ဝန်ဆောင်မှု အလွန် လိုအပ်နေသည်ကို ပြသရာ ရောက်ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောပြခဲ့သည်။ လက်ရှိ အချိန်၌ တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်သည် စာသင်ကျောင်း ၃၈၀ ကျောင်း ဖွင့်လှစ်ထားပြီး ၎င်းတွင် ကျောင်းသား ၂၈,၀၇၇ ဦးနှင့် ဆရာ ၁,၆၉၀ ဦးတို့ ပညာသင်ကြားလျက် ရှိသည်။ အလားတူပင် ကချင် လွတ်လပ်ရေး အဖွဲ့ချုပ်က စစ်တပ် အာဏာသိမ်းပြီး နောက်ပိုင်းတွင် ၎င်းတို့ ထိန်းချုပ်ရာ ဒေသ အတွင်း ကျောင်းသူကျောင်းသာ အရေအတွက် တိုးလာကြောင်း၊ အထူးသဖြင့် ကချင်ပြည်နယ် အတွင်းနှင့် ပြင်ပမှ ပြောင်းရွှေ့လာသူများကြောင့် ကျောင်းသူကျောင်းသား ဦးရေ ၃၀,၀၀၀ ကျော် ရှိပြီ ဖြစ်ကြောင်း ဆိုခဲ့သည်။ လက်ရှိ အချိန်တွင် ၎င်းတို့သည် စာသင်ကျောင်း ၁၉၂ ကျောင်းနှင့် ကောလိပ် နှစ်ကျောင်းဖြင့် ဘာသာရပ် အမျိုးမျိုးကို သင်ကြား ပို့ချပေးလျက် ရှိသည်။ ထို့အပြင် ကချင် လွတ်လပ်ရေး အဖွဲ့ချုပ်သည် စစ်အာဏာ သိမ်းမှု မတိုင်မီ ကတည်းက ဒေသန္တရ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး စနစ်များအား ကျယ်ကျယ်ပြန့်ပြန့် ချမှတ် စီမံလျက်ရှိရာ ၎င်းတို့ ထိန်းချုပ်ရာ ဒေသအတွင်း၌ ဝန်ဆောင်မှုများ ရရှိစေရန် စီမံခန့်ခွဲနိုင်ပါသည်။ ရက္ခိုင့် အမျိုးသား အဖွဲ့ချုပ်သည် အာဏာသိမ်းမှု မတိုင်မီ ကတည်းက ၎င်းတို့၏ ထိန်းချုပ်မှု အောက်ရှိ ဒေသများတွင် အုပ်ချုပ်ရေး အဖွဲ့များ ထူထောင်ခဲ့သည်။ လတ်တလော သိမ်းဆည်းရရှိသည့် ဒေသများရှိ မြို့နယ် အဆင့်၌ ၎င်းတို့၏ အုပ်ချုပ်ရေးကို နိုဝင်ဘာလ ကတည်းက တိုးချဲ့လာရာ ထိရောက်မှု ရှိသော အုပ်ချုပ်ရေး စနစ်များ တည်ထောင်ရန် ဦးစားပေး ဆောင်ရွက်နေကြောင်း ပြသနေပါသည်။

# ၇။ နိဂုံးချုပ်နှင့် တိုက်တွန်းချက်များ

၅၁။ အဆိုပါ ကနဦး အုပ်ချုပ်ရေး ပုံစံများသည် အရပ်ဘက် အုပ်ချုပ်ရေးရာ ကိစ္စရပ်များတွင် စစ်တပ် အင်စတီကျူးရှင်းများ ပါဝင်ခွင့် လုံးဝ မရှိတော့မည့် အာဏာသိမ်းမှု အလွန် ဒီမိုကရေစီ မြန်မာ နိုင်ငံသို့ ဦးတည်သော မျှော်မှန်းချက် ပန်းတိုင် တစ်ရပ်ကို ပုံဖော်ပေးနေပါသည်။ မြန်မာ စစ်တပ်အား ဆန့်ကျင်ရာ၌ လက်နက်ကိုင် လမ်းစဉ်နှင့် ငြိမ်းချမ်းစွာ အတိုက်အခံပြုမှုများဖြင့် အမျိုးမျိုး ကွဲပြားစုံလင်မှု ရှိသော်လည်း ၎င်းတို့သည် မြန်မာ စစ်တပ် အုပ်ချုပ်မှု လုံးဝ ကင်းစင်သော အနာဂတ် ဖက်ဒရယ် မြန်မာနိုင်ငံတော်ကို ရှေးရှုကာ ၎င်းအင်အားစုများသည် ပို၍ ပေါင်းစည်းလာကြပါသည်။ ပြည်တွင်းစစ် ဖြစ်ပွားသည့် သုံးနှစ်အတွင်း မြန်မာလူထုသည် မရေတွက်နိုင်သော ပျက်စီးဆုံးရှုံးမှုများနှင့် ဖော်ပြ၍ မကုန်နိုင်သော ဆင်းရဲဒုက္ခများကို ကြုံတွေ့ခဲ့ရပါသည်။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ အပါအဝင် လူမျိုးစု အားလုံးသည် ပြည်သူအပေါ် တာဝန်ခံမှု ရှိပြီး တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှုကို အခြေခံသော အင်စတီကျူးရှင်း အဖွဲ့အစည်းများဖြင့် နိုင်ငံ၏ ဒီမိုကရေစီ နည်းကျသော သက်တာတွင် ထိရောက်စွာ ပါဝင်နိုင်စွမ်း ရှိသင့်သည် ဟူသော ခံယူချက်ကိုလည်း ဖော်ပြပါ အချက်က အားကောင်းခိုင်မာစေပါသည်။ အထက်တွင် ဖော်ပြထားသော ဒေသန္တရ အုပ်ချုပ်ရေး စနစ်များတွင် နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရန် တရား စီရင်ရေး စနစ် ပုံစံအမျိုးမျိုး ပါဝင်နေပါသည်။ ဖော်ပြပါ အုပ်ချုပ်ရေး စနစ်များသည် လူ့အခွင့်အရေး အခြေခံမှုနှင့် အညီ ထိရောက်စွာ လိုက်နာဆောင်ရွက်မှု ရှိမရှိကို လက်ရှိကာလ၌ လေ့လာရန် မဖြစ်နိုင်သေးသော်လည်း မြန်မာ စစ်တပ်၏ အကြမ်းဖက်မှုများ သာမက လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအား လုံးဝ အလေး မထားသည့် ချိုးဖောက်မှုကို ရင်ဆိုင်နေရချိန်တွင် ၎င်းစနစ်များအား အသိအမှတ် ပြုရန်၊ ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် လိုအပ်ချက်များကို အကဲဖြတ် လေ့လာရန် အပြင် ဒီမိုကရေစီ အားကောင်းရေး၊ ကိုယ်စားပြုမှု ရှိရေး၊ ပါဝင်ဦးဆောင်ခွင့် ရရေးနှင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှာဖွေရေး ကိစ္စရပ်များတွင် ၎င်းတို့၏ ကြိုးပမ်းမှုအား ထောက်ပံ့ပေးရန် လိုအပ်ပါသည်။

၅၂။ ဖော်ပြပါ တွေ့ရှိချက်များကို အခြေခံ၍ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် မြန်မာ စစ်တပ် အာဏာပိုင်များအား အောက်ပါအချက်များကို အကြံပြု တိုက်တွန်းပါသည်။

(က) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် S/RES/2669(2022) နှင့်အညီ ရိုဟင်ဂျာများ အပါအဝင် အရပ်သား ပြည်သူများ၊ အရပ်ဘက် အဆောက်အအုံများ၊ ဘာသာရေး အဆောက်အအုံများနှင့် သာသနာရေးရာ ပုဂ္ဂိုလ်များကို ဦးတည်သော အကြမ်းဖက်မှုနှင့် ပစ်ခတ်တိုက်ခိုက်မှု အားလုံးကို ချက်ချင်း ရပ်တန့်ပါ။

(ခ) အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ကြားဖြတ် အစီအမံများ၊ အထူးသဖြင့် ရိုဟင်ဂျာများအား သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် ထိခိုက်စေခြင်းနှင့် အသက်ရှင်သန်နိုင်မည့် အခြေအနေများ စသည်တို့နှင့် ဆက်စပ်သော ကြားဖြတ် အစီအမံများကို အချိန်နှင့် တပြေးညီ အပြည့်အဝ အကောင်အထည် ဖော်ဆောင်ပါ။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုမျိုး နောက်တစ်ကြိမ် မဖြစ်ပွားစေရန် တားဆီးဆောင်ရွက်ပါ။

(ဂ) နိုင်ငံရေး အကျဉ်းသားများ အားလုံးကို ချက်ချင်း ပြန်လွှတ်ပေးပါ။ နိုင်ငံရေးကို ခုတုံးလုပ်၍ တရားစီရင်ရေးအား လက်နက်သဖွယ် အသုံးချခြင်းကို ရပ်တန့်ပါ။

(ဃ) ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသ အသီးသီးရှိ အကူအညီ လိုအပ်နေသူများ ထံသို့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ လူသားချင်း စာနာမှု အကူအညီများအား အချိန်နှင့် တစ်ပြေးညီ ပို့ဆောင်ပေးနိုင်ရန် အတားအဆီး ဖြစ်စေသည့် အရာအားလုံးကို ဖယ်ရှားပါ။

(င) နိုင်ငံတကာ လူ့အခွင့်အရေး နီတိကျင့်ဝတ်နှင့် စံချိန်စံနှုန်းများနှင့် မကိုက်ညီသော လူသစ် စုဆောင်းခြင်းနှင့် စစ်မှုထမ်း ဆင့်ခေါ်ခြင်းကို ချက်ချင်း ရပ်တန့်ပါ။

(စ) တိုင်းပြည်ကို စစ်အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်ရန် မအောင်မြင်သော ကြိုးပမ်းမှုမှ ရပ်တန်းက ရပ်ပါ။ တိုင်းပြည်၏ နိုင်ငံရေး အနာဂတ်ကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်ရန် အရပ်သား အာဏာပိုင်များနှင့် မြန်မာ နိုင်ငံအဝှမ်းရှိ လူမျိုးစု အသိုက်အဝန်း အားလုံးကို နေရာပေးပါ။

(ဆ) လူ့အခွင့်အရေး အခြေအနေ၊ အထူးသဖြင့် အရပ်သား ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်အပေါ် သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံ တင်ပြခြင်း လုပ်ငန်းစဉ်များအား ဆောင်ရွက်နိုင်ရန် OHCHR အား မြန်မာနိုင်ငံသို့ အဓိပ္ပာယ်ပြည့်ဝစွာ ဝင်ရောက်ခွင့် ပြုပါ။

၅၃။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အမျိုးသား ညီညွတ်ရေး အစိုးရအား အောက်ဖော်ပြပါ အချက်များကို အကြံပြု တိုက်တွန်းပါသည်။

(က) မိမိအစိုးရ အဖွဲ့၏ ထိန်းချုပ်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှု အောက်တွင် ရှိသော လက်နက်ကိုင် အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် လူ့အခွင့်အရေးကို လေးစား လိုက်နာရန်၊ အသစ် ပြင်ဆင်ထားသည့် ကျင့်ဝတ် လုပ်ထုံးများအား အပြည့်အဝ အကောင်အထည်ဖော် လိုက်နာရန်၊ အရပ်သားများ သာမက မြန်မာ စစ်တပ်ကို အားပေး ထောက်ခံသောသူ သို့မဟုတ် ၎င်းတို့အတွက် အလုပ်လုပ်နေသူဟု စွပ်စွဲခံထားရသူများကို အကာအကွယ်ပေးရန် လိုအပ်သော ပြင်ဆင်မှု အားလုံးကို ဆောင်ရွက်ရန်၊နှင့် ကျူးလွန်သူများအား တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်ပါ။

(ခ) လူ့အခွင့်အရေး၊ အလုံးစုံပါဝင်နိုင်သော ဒီမိုကရေစီ အရေးနှင့် တန်းတူညီမျှမှု ရှိရေးကို အခြေခံသော နိုင်ငံရေး အခင်းအကျင်းများအား ဖန်တီးရာတွင် ပံ့ပိုးနိုင်ရန်နှင့် လက်ရှိ အကျပ်အတည်းများကို ရေရှည်တည်တံ့သော နည်းများဖြင့် သတ်မှတ် ဖြေရှင်းနိုင်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သတင်း အချက်အလက် ဖလှယ်ခြင်း၊ အကောင်းဆုံး လုပ်ထုံးလုပ်နည်းနှင့် အခြား လိုအပ်သော အစိတ်အပိုင်းများကို အားပေး မြှင့်တင်ခြင်း ပြုရန် ရည်ရွယ်၍ ပေါ်ထွန်းလာသော နိုင်ငံရေး အင်အားစုများနှင့် ဒေသန္တရ အဆင့်တွင် ဆက်ဆံရေး တည်ဆောက်ပါ။

(ဂ) ရိုဟင်ဂျာ အစုအဖွဲ့နှင့် အခြား လူနည်းစု အသိုက်အဝန်းများကို အကာအကွယ် ပေးနိုင်ရန်နှင့် နိုင်ငံရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးရေး တိုက်တွန်းလှုံ့ဆော်မှု မှန်သမျှကို တားဆီးရန် အပြင် အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံ အပေါ် ချမှတ်ထားသော တာဝန်ဝတ္တရားများကို သက်ဆိုင်ရာ အဖွဲ့အစည်း အားလုံးက စောင့်ထိန်း လိုက်နာစေရန် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြစ်နိုင်ချေ ရှိသော အစီအမံများ အားလုံးကို ဆောင်ရွက်ပါ။

(ဃ) လူမှုရေး စည်းလုံးညီညွတ်မှု၊ လူမှု အသိုက်အဝန်းများကြား အမြင်ချင်းဖလှယ် ဆွေးနွေးမှုနှင့် လူမျိုးရေး၊ ဘာသာရေး အသိုက်အဝန်း၏ အခွင့်အရေးများကို အားပေးမြှင့်တင်ရန်နှင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ထိရောက်စွာ ပူးပေါင်းပါဝင်ခွင့်၊ ကိုယ်စားပြုခွင့်နှင့် တရားမျှတမှု အပေါ် အခြေခံ၍ ငြိမ်းချမ်းစွာဖြင့် အားလုံး ပါဝင်ခွင့် ရှိသော ဒီမိုကရေစီအပေါ် အခြေခံသည့် အနာဂတ် တစ်ရပ် အတွက် အခြေခံ အုတ်မြစ် အနေဖြင့် အခြေခံ၍ အားကောင်းစေရန် အရေးဆို ထောက်ခံသည့် သတင်းစကားများနှင့် လိုလောက်သော မူဝါဒများအား ရေးဆွဲပါ။

၅၄။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား အောက်ဖော်ပြပါ အချက်များကို အကြံပြု တိုက်တွန်းပါသည်။

(က) စစ်ရေး ဆောင်ရွက်ချက် အားလုံးတွင် ပြည်သူများကို အကာအကွယ်ပေးရန် ဦးစားပေး လုပ်ဆောင်ပြီး တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များ အဖြစ် စစ်မှုထမ်းစေရန် ပြည်သူများကို အဓမ္မ လူသစ် စုဆောင်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်ကျင့် နှောင့်ယှက်ခြင်း ပုံစံအမျိုးမျိုးကို ချက်ချင်း ရပ်တန့်ပါ။

(ခ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှု ဥပဒေကို အပြည့်အဝ လေးစားလိုက်နာရန်နှင့် ရိုဟင်ဂျာ ကျေးရွာများ အပါအဝင် အရပ်သား ပြည်သူများ နေထိုင်ရာ ဒေသများ အတွင်း သို့မဟုတ် အနီးတဝိုက်တွင် တပ်ဖွဲ့ဝင်များ နေရာချထားခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေ အရ အကာအကွယ် ပေးထားသော သာသနိက အဆောက်အအုံများနှင့် အခြား အဆောက်အအုံများအား စစ်ရေး အရ အသုံးချခြင်းနှင့် မြေမြှုပ်မိုင်း ထောင်ခြင်းတို့ကို ရပ်တန့်ပါ။

(ဂ) အပြည်ပြည်ဆိုင်ရာ အခြေခံမူများနှင့်အညီ ဆောင်ရွက်နေသော လူသားချင်း စာနာမှု ဆိုင်ရာ အဖွဲ့အစည်း အားလုံးက ပေးသည့် အထောက်အပံ့ကို မလိုအပ်သော ဗျူရိုကရေစီ ကြိုးနီစနစ်များဖြင့်

ဖိတ်ပင်ကန့်သတ်ခြင်း မရှိဘဲ ခွင့်ပြုခြင်း အပါအဝင် အရပ်သားများ၏ အတိဒုက္ခအား လျော့ပါးသက်သာစေရန် ရည်ရွယ်သည့် မည်သည့် ကြိုးပမ်းမှုကို မဆို ပံ့ပိုးပါ။

၅၅။ မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပျက်နေသော အရေးကိစ္စ အားလုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ် တရားရုံးသို့ လွှဲပြောင်းရန် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအား ထပ်လောင်း တိုက်တွန်းအပ်ပါသည်။

၅၆။ ထို့အပြင် မြန်မာနိုင်ငံရှိ အခြေအနေများ ဆက်လက် ဆိုးရွားလာသည် ဖြစ်ရာ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများသည် မြန်မာနိုင်ငံ၏ အခြေအနေအား ဆက်လက်၍ အလေးထား စောင့်ကြည့်ရန်နှင့် ဖြစ်စဉ်များအား မှတ်တမ်း ပြုစုခြင်းနှင့် တာဝန်ခံမှု ဆိုင်ရာ လုပ်ငန်းစဉ်များကို တက်ကြွစွာ ထောက်ခံအားပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက အောက်ပါ အချက်များဖြင့် အကြံပြု တိုက်တွန်းအပ်ပါသည်။

(က) အကြမ်းဖက်မှု အဆုံးသတ်ရေး၊ ဒီမိုကရေစီ စနစ် ပြန်လည်ထွန်းကားရေးနှင့် ကျူးလွန်ခံရသူ အပေါ် ဗဟိုပြုသည့် အသွင်ကူးပြောင်းရေး ဆိုင်ရာ တရားမျှတမှု အတွက် အလုံးစုံ ပါဝင်နိုင်သော နိုင်ငံရေး ဖြေရှင်းနည်းများအား ရှာဖွေနိုင်ရန် ဒေသတွင်း အဆင့် ကြိုးပမ်းမှုများကို အားဖြည့်ပေးပါ။

(ခ) ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၅/၂၀ အရ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အထူးသဖြင့် တိုက်ပွဲများတွင် အသုံးပြုနိုင်သည်ဟု သံသယ ရှိသော အခြေအနေတွင် စစ်ရေး အရ အသုံးပြုနိုင်မည့် လေယာဉ်ဆီ၊ စစ်လက်နက်နှင့် အရပ်ဘက် စစ်ဘက် နှစ်မျိုးသုံးနိုင်သော ပစ္စည်း ကိရိယာများကို မြန်မာ စစ်တပ်သို့ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက် ဖြစ်စေ ထောက်ပံ့ခြင်း မပြုရန် သို့မဟုတ် မြန်မာစစ်တပ်အား နိုင်ငံခြားငွေ ရရှိစေခြင်း အားဖြင့် ၎င်းရည်ရွယ်ချက်များ အတွက် အထောက်အပံ့ မဖြစ်စေရန် သေချာစေပါ။

(ဂ) ဒေသခံ အဖွဲ့အစည်းများကို လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လုပ်ငန်းများ အတွက် အဓိက အရေးကြီးသော သက်ဆိုင်သူများ အဖြစ် သတ်မှတ်ကာ ပြောင်းလွယ်ပြင်လွယ် ရှိသည့် ရန်ပုံငွေ ပေးခြင်းနှင့် အစီရင်ခံ ရေးသားခြင်း ဆိုင်ရာ စည်းကမ်းများ ချမှတ်ခြင်းအားဖြင့် တိုးချဲ့ပံ့ပိုးပါ။

(ဃ) မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ လူမှု အသိုက်အဝန်း အတွက် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ရန်ပုံငွေနှင့် အထောက်အပံ့များကို တိုးမြှင့်ပံ့ပိုးပါ။ အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို ရယူလို၍ ပြည်ပသို့ ထွက်ခွာလာသော မြန်မာနိုင်ငံမှ တစ်ဦးတစ်ယောက်ကိုမျှ မြန်မာ နိုင်ငံသို့ ပြန်ပို့ခြင်း မပြုရ ဟူသည့် အခြေခံမူအား လေးစားလိုက်နာပါ။

(င) မြန်မာနိုင်ငံ၌ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေး အတွက် စစ်တပ် အုပ်ချုပ်ရေး အစား နိုင်ငံရေးနှင့် အရပ်သား အုပ်ချုပ်ရေး ဆိုင်ရာ အခြား ပုံစံများကို စဉ်းစားနိုင်ရန်နှင့် အလုံးစုံ ပါဝင်ရေး၊ ခွဲခြားဆက်ဆံမှု မရှိရေး၊ တရား ဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှု ဆိုင်ရာ အခြေခံမူများအား ကိုင်စွဲကျင့်သုံးစေရန် ဒေသန္တရ နိုင်ငံရေး အစုအဖွဲ့များကို သင်ကြားပေးခြင်းနှင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ရင်းနှီးမြုပ်နှံခြင်း ဆိုင်ရာ လမ်းစဉ်များကို ထည့်သွင်းစဉ်းစားပါ။ ပံ့ပိုးပေးပါ။